ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ရက်၊ အင်္ဂါနေ့၊ (30-9-2003) (၄၀၀၉)

အတ္တသမ္မာ ပဏိဓိ စ၊ ဧတံ မင်္ဂလ မုတ္တမံ။

မိမိကိုယ်ကို ကောင်းစွာ စောင့်ထိန်းခြင်းသည် မြတ်သော မင်္ဂလာမည်၏။

သုတေသန တွေ့ရှိချက်များကို စိုက်ပျိုးသူများထံ အရောက်ပို့ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ရာသီမရွေး ထုတ်လုပ်နိုင်မည် အတွင်းရေးမှူး(၁) စိုက်ပျိုးရေး သုတေသနလုပ်ငန်းများ စစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် လှည်းကူးမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ သုတေသန ဖွံ့ဖြိုးရေးနှင့် လေ့ကျင့်ပညာပေးလုပ်ငန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ရောက်ရှိ

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မွန်းလွဲ ၂နာရီ ၁၅မိနစ်တွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ရဲမွန်စံပြကျေးရွာ အနီးရှိ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာနသို့ ရောက်ရှိကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုကြသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းအား မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဒေါက်တာစိန်လှဗိုလ်နှင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန စီမံကိန်းမန်နေဂျာ ဦးကျော်ဝင်းတို့က ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန၏ နောက်ခံသမိုင်း၊ ဆောင်ရွက်လျက်ရှိသည့် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

အားထုတ်ကြိုးပမ်း

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ဟင်းသီးဟင်းရွက်နှင့် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန၏ စက်ရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

အောင်လံမြို့နယ်မှ ဘွက်ကြီးရေလှောင်တမံ

သတင်းမှတ်စု – ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း – သွင်အေး(ကြေးမုံ)

ရန်ကုန် စက်တင်ဘာ ၂၉

မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့နယ်၏ အရှေ့ဘက် ၂၆ မိုင်ခန့်အကွာ ဒန်းဒေါင့်ရွာအနီးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ခဲ့သော ဘွက်ကြီးရေလှောင်တမံကို ဖွင့်လှစ်တော့မည်ဖြစ်သည်။

ဘွက်ကြီးရေလှောင်တမံမှာ နိုင်ငံတော်ကို တပ်မတော်အစိုးရက တာဝန်ယူပြီးနောက် ဆည်မြောင်းဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့သော ဆည်များတွင် ၁၅၂ခုမြောက် တည်ဆောက်ဖွင့်လှစ်မည့် ရေလှောင်တမံဖြစ်သည်။

ဘွက်ကြီးရေလှောင်တမံ၏ ရေဆင်းဧရိယာသည် ၁၇၆စတုရန်းမိုင်ရှိပြီး အလျားပေ ၄၆၂၀နှင့် အမြင့် ၁၁၃ပေရှိသော မြေသားတမံဖြစ်၍ ဧကပေ ၇၃၁၉၀ပမာဏရှိသော ဆည်ရေများကို ကန်ရေပြည့် သိုလှောင်မည်ဖြစ်သည်။ ရေလှောင်တမံ တည်ဆောက်ပြီးစီး၍ ရေများ စတင်သိုလှောင်ခဲ့ရာ ရေသိုလှောင်နိုင်သော ပမာဏ၏ ၄၀ရာခိုင်နှုန်းကို သိုလှောင်ထားရှိပြီးကြောင်းသိရသည်။ **စာမျက်နှာ ၂ ကော်လံ ၅ သို့** ●

ယနေ့ထုတ်စောင်ရေ

၁၉၈၇၉၃

မကွေးတိုင်း သရက်ခရိုင် အောင်လံမြို့နယ်တွင် တည်ဆောက်ပြီးစီး၍ စိုက်ပျိုးမြေဧက တစ်သောင်းကို အကျိုးပြုမည့် ဘွက်ကြီးရေလှောင်တမံ၏ လှပသော မြင်ကွင်းနှင့် ဆည်ရေသောက်မည့် ဒေသတစ်ခွင်ကို တွေ့ရစဉ်။

ဓာတ်ပုံမှတ်တမ်း–သွင်အေး(ကြေးမုံ)



နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

အမျိုးသားရေးပန်းတိုင်သို့ ဦးတည်လျှောက်လှမ်း နိုင်ငံတော်မူဝါဒလမ်းစဉ် အောင်မြင်ရေး ပါဝင်ကြိုးပမ်း

၃၀-၉-၂၀၀၃
(အင်္ဂါနေ့)

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ ရင်းနှီးချစ်ကြည်စွာ မှီတင်းနေထိုင်လျက်ရှိသော နိုင်ငံတော်ဖြစ်သည်။ ယနေ့ကာလသည်နိုင်ငံတော်အစိုးရက တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်ပြီး ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး အခြေခံကောင်းများဖြစ်ထွန်းရေးနှင့် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားရေးတို့အတွက် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိချိန်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်၏ သမိုင်းကြောင်းအခြေခံများနှင့် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့စရိုက်အပေါ် အခြေခံပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်တည်ထွန်းကားလာစေရန် ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များနှင့်ပတ်သက်၍ ၂၀၀၃ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် ရှင်းလင်းပြောကြားခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ရှင်းလင်းပြောကြားခဲ့သည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်သည် နိုင်ငံတော်၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ၏ ဖြစ်ပေါ်ပြောင်းလဲ တိုးတက်မှုများကို ညွှန်ပြထားသည်။ နိုင်ငံတော်က ရှေ့ဆက်သွားမည့် အနာဂတ်၏ ခရီးလမ်းကြောင်းကို အမျိုးသားရေးအမြင်ဖြင့် လမ်းညွှန်မှုပြုထားသည်။

ထို့ကြောင့် ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်ကို ကြိုဆိုထောက်ခံလျက်ရှိကြသည်။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြရန် အလေးအနက်အဆိုပြု ထောက်ခံဆွေးနွေးလျက်ရှိကြသည်။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်နှင့်ပတ်သက်သည့် နိုင်ငံတော်ဝန်ကြီးချုပ်၏မိန့်ခွန်း ကြိုဆိုထောက်ခံပွဲလူထုအစည်းအဝေးများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးက ကြီးမှူးကျင်းပလျက်ရှိရာ စက်တင်ဘာလ ၂၄ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ငြိမ်းချမ်းသာယာ အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ၌ မြို့နယ်များမှ ဒေသခံတိုင်းရင်းသားပြည်သူ ၁၇၅၀၀ ကျော်တို့ တစ်ခဲနက်တက်ရောက်ခဲ့ကြသည်။

အဆိုပါမိန့်ခွန်းကြိုဆိုထောက်ခံသည့် လူထုအစည်းအဝေးကြီးတွင် သဘာပတိ မြစ်ကြီးနားတက္ကသိုလ် ပါမောက္ခချုပ် ဦးသင်းလှိုင်က **အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးသို့ ဦးတည်လျှောက်လှမ်းရာတွင် နိုင်ငံတော်အတွင်း အေးချမ်းသာယာမှု၊ စည်ပင်ဝပြောမှု၊ ဖွံ့ဖြိုးတိုးတက်မှုဆိုသည့် အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလာစေရေးအပြင် ပြည်ထောင်စုကြီး အခွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ပင်မမဏ္ဍိုင်များဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ ပြန့်ပွားထွန်းကားနေရမည်ဖြစ်ကြောင်း** တိုက်တွန်းပြောကြားခဲ့သည်။

နိုင်ငံတော်၏အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးသို့ ဦးတည်လျှောက်လှမ်းရာတွင် နိုင်ငံတော်အတွင်း အေးချမ်းသာယာမှုရှိရန် လိုအပ်သည်။ သို့မှသာ စည်ပင်ဝပြော၊ ဖွံ့ဖြိုးတိုးတက်မှု၏အသီးအပွင့်များ ဝေဆာစွာ သီးပွင့်နိုင်ကြမည်ဖြစ်သည်။ ငြိမ်းချမ်းသာယာမှု၏ အကျိုးကျေးဇူးကို တိုင်းရင်းသားပြည်သူများ လက်တွေ့ခံစားကြရမည်ဖြစ်ပေသည်။

မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်သည် ယခင်ခေတ်ကာလများက ငြိမ်းချမ်းသာယာမှု အပြည့်အဝမရရှိခဲ့သော ဒေသဖြစ်သည်။ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုမရှိခဲ့သဖြင့် တိုင်းရင်းသားဆွေမျိုးသားချင်းများပင် အနေနီးလျက် ခရီးဝေးခဲ့ကြရသည့် အခြေအနေမျိုးနှင့် ကြုံတွေ့ခဲ့ကြသည်။ ထို့အပြင် လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေခဲ့သည့် ဒေသတစ်ခုလည်းဖြစ်သည်။

ယနေ့အချိန်အခါတွင် ကချင်ပြည်နယ်သည် တည်ငြိမ်အေးချမ်းသာယာလျက်ရှိရာ ဒေသခံပြည်သူများ ငြိမ်းချမ်းခြင်း၏ အကျိုးကျေးဇူးကို ခံစားရရှိလျက်ရှိသည်။ နိုင်ငံတော်က ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတားကြီးအပါအဝင် တံတားလတ်၊ တံတားငယ်များ၊ လေယာဉ်ကွင်းများ၊ မော်တော်ကားလမ်းသစ်များကို တိုးချဲ့တည်ဆောက် ဖောက်လုပ်ပေးခဲ့၍ ကူးသန်းဆက်သွယ် သွားလာမှုကအစ အဘက်ဘက်တွင် အဆင်ပြေချောမွေ့လျက်ရှိကြောင်း တွေ့မြင်နေရသည်။ နိုင်ငံတော်၏ အမျိုးသားရေးပန်းတိုင်သို့ အရောက်လှမ်းနိုင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဖွဲ့လုံ့လ အားမာန်အပြည့်အဝဖြင့် ဆက်လက်ကြိုးပမ်းကြရန်သာ လိုအပ်သည်။

နိုင်ငံတော်က ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်သို့ ဦးတည်လျှောက်လှမ်းရမည့် ပန်းတိုင်ကို ညွှန်ပြလျက်ရှိသည်။ အနာဂတ်နိုင်ငံတော်၏ အခြေခံအုတ်မြစ်များလည်းဖြစ်သည်။ နိုင်ငံတော်ကိုချစ်မြတ်နိုးကြသည့် ပြည်သူတိုင်းက လိုလားတောင့်တနေကြသည့် မူဝါဒလမ်းစဉ်များလည်းဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံတော်၏ လက်ရှိအခြေအနေ အချိန်အခါနှင့် ကိုက်ညီလျက်ရှိသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်အောင်မြင်စေရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် အင်တိုက်အားတိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ထိုင်းနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ လေ့လာရေးအဖွဲ့အားလက်ခံတွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် မြန်မာနိုင်ငံတွင် လေ့လာရေးခရီး ရောက်ရှိနေသော ထိုင်းနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ (Suprintendent Lt. Gen, Kasemsak Plooksawat)နှင့် အဖွဲ့ဝင်များအား ယနေ့နံနက် စနာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ကာကွယ်ဝန်ကြီးဌာန ဧည့်ရိပ်သာခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အတူ ဒုတိယတပ်မတော် လေ့ကျင့်ရေးအရာရှိချုပ်များဖြစ်ကြသော ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊ တပ်မတော်အရာရှိကြီးများတက်ရောက်ကြပြီး ထိုင်းနိုင်ငံမှလေ့လာရေးအဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ စစ်သံမှူး Colonel, Kasam Nakpum နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တောင်းဆု ဤသို့ပြုပါသည်

* အင်အားရှိတိုင်း၊ ထင်ရာစိုင်းလျှင်
အရိုင်းသွင်သာ၊ ပေါ်လွင်ပါ၏။

* စာနာမထောက်၊ လူတစ်ယောက်၏
စိတ်နောက်ကိုယ်ပါ၊ ပြုမူတာကြောင့်
ပူဗျာဆင့်ကဲ၊ အကျိုးနည်းကြ
ဘဝဖုံဖုံ၊ အလုံးစုံကို
ဓာတ်ခံအီရတ်၊ သူ့ဖြစ်ရပ်က
ဖော်ပြနေတာ၊ သင်ခန်းစာ။

* အဖျက်လုပ်တာ၊ လွန်လွယ်ပါလည်း
ပြန်ကာတည်ဆောက်၊ ပုံမှန်ရောက်ဖို့
ဘယ်လောက်ခက်ခဲ၊ အီရတ်ပွဲက
ကမ္ဘာ့တွက်တာ၊ သင်ခန်းစာ။

* ဤသင်ခန်းစာ၊ ဖော်ထုတ်ကာဖြင့်
နောင်ခါဤနှယ်၊ လူ့ရပ်နယ်တွင်
မတွေ့မြင်ရ၊ မကြားရရန်
အခိဋ္ဌာန်ဖြင့်၊ ရည်သန်စိတ်ထား
ခေါင်းဆောင်များ၏၊ စွမ်းသတ္တိဖြင့်
လူ၏သိက္ခာ၊ မြင့်မားစွာဖြင့်
လူ့ရွာလူပြည်
ဝပြောစည်လျက်၊ စဉ်ဆက်ငြိမ်းချမ်း
အဝန်းကမ္ဘာ၊ ဖြစ်တည်လာအောင်
ကြံဆောင်ကြိုးပမ်းနိုင်ကြပါစေသတည်း။ ။

ဖိုးဝ

● **ရွှေဖုံးမှ**

ဘွက်ကြီးရေလှောင်တမံ ရေထုတ်ပြွန်ကို ၄ပေ x ၆ပေရှိသော ရေထုတ်ပြွန်မှ အလျားပေ ၃၈၀ရှိသော ပြွန်နှစ်ပေါက်မှ ဆည်ရေသောက်ဒေသများသို့ ရေလွှတ်ပေးမည်ဖြစ်ရာ စိုက်ပျိုးမြေဧက တစ်သောင်းအတွက် အကျိုးပြုမည်ဖြစ်သည်။ ဘွက်ကြီးရေလှောင်တမံသည် မိုးရာသီတွင် ရေလွှမ်းမှုကို ကာကွယ်ပေးမည်ဖြစ်ပြီး နွေကာလတွင် စိုက်ပျိုးရေပေးမည်ဖြစ်သည်။

လယ်မြေပြောင်းလဲ

ဘွက်ကြီးရေလှောင်တမံ ပတ်လည်ရှိ ကျေးရွာ ၄၇ရွာမှာ ယခင်က ယာမြေများဖြစ်ပြီး ယာသီးနှံများ စိုက်ပျိုးနေခြင်းကို လယ်မြေအဖြစ် ပြောင်းလဲစိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ မကွေးတိုင်းတွင် ဘွက်ကြီးရေလှောင်တမံအပါအဝင် ရေလှောင်တမံပေါင်း ၂၆ခု တည်ဆောက်ပြီးဖြစ်၍ မကွေးအရှေ့ခြမ်းတွင် ၁၁ခုမြောက် ဖွင့်လှစ်ခြင်းဖြစ်သည်။ **(ကြေးမုံ)**

ဒါတွေကို သိဖို့လိုတယ်

✳ မြောက်တိုင်းလည်း မမြောက်နဲ့
✳ ခြောက်တိုင်းလည်း မကြောက်နဲ့
✳ ချော့တိုင်းလည်း မပျော့နဲ့

အီရတ်ပြန်လည်တည်ဆောက်ရေးတွင် အီရတ်ပြည်သူများ၏ ထောက်ခံအားပေးမှုလိုအပ် ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ပိုမိုတက်ကြွသည့် အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားရမည်



ကုလသမဂ္ဂ စက်တင်ဘာ ၂၉

(၅၈) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ပြောကြားသည့် ဆလိုဗေးနီးယားနိုင်ငံ သမ္မတ ဂျနက်ဇ်ဒါနိုဗက်စကီး၏ မိန့်ခွန်းကောက်နုတ်ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

အီရတ်နိုင်ငံ၌ ဖြစ်ပျက်ခဲ့မှုများကို ကြည့်မည်ဆိုလျှင် တစ်ဖက်သတ် အရေးယူလုပ်ဆောင်မှုများကို မြင်တွေ့ရမည်ဖြစ်ကြောင်း၊ အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးတွင် နိုင်ငံတကာ အသိုက်အဝန်းနှင့် အီရတ်ပြည်သူများ၏ အကျယ်ပြန့်ဆုံး ထောက်ခံအားပေးမှု လိုအပ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးသည် ယင်းကဲ့သို့သော ထောက်ခံမှုမျိုးရရှိအောင် စွမ်းဆောင်နိုင်သည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်ကြောင်း။

ဖြည့်ဆည်းပေးနိုင်မည်

ထို့အပြင် အီရတ်နိုင်ငံတွင်လည်း ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ပိုမိုတက်ကြွသည့် အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားရမည်ဖြစ်ကြောင်း၊ ကျယ်ပြန့်သည့် လုပ်ပိုင်ခွင့်များကို ကုလသမဂ္ဂက ရရှိမှသာလျှင် ယင်းသို့သော အခန်းကဏ္ဍကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ အီရတ်အကျပ်အတည်းကို စစ်ရေးဆိုင်ရာ လုံခြုံရေးကိစ္စရပ်အဖြစ် လျှော့မတွက်သင့်ကြောင်း၊ သို့ဖြစ်၍ ချမ်းသာသည့်နိုင်ငံများနှင့် နိုင်ငံတကာ လုံခြုံရေးအတွက် ခြိမ်းခြောက်မှုများကို ကြီးထွားစေသော ဆင်းရဲသည့်နိုင်ငံများအကြား ကွာဟချက်ကို ကုလသမဂ္ဂအနေဖြင့် အလေးထားအာရုံစိုက်သင့်သည်ဟု တိုက်တွန်းလိုကြောင်း ပြောကြားသွားသည်။ ***အင်တာနက်။***

ကုလသမဂ္ဂ အထွေထွေညီလာခံကြီးတွင် အီရတ်အရေးနှင့် စပ်လျဉ်း၍ ပြောကြားသည့် ကမ္ဘာ့နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၏ မိန့်ခွန်းကောက်နုတ်ချက်များ

ကုလသမဂ္ဂအဖွဲ့ ပြုပြင်ပြောင်းလဲရေး အလုပ်ဖြင့် သက်သေပြ အာရှတိုက်အား ထည့်သွင်း၍ လုံခြုံရေးကောင်စီ တိုးချဲ့ဖွဲ့စည်းသင့်

ကုလသမဂ္ဂ စက်တင်ဘာ ၂၉

(၅၈) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ပြောကြားသည့် သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ် ရာနေးလ်ဝစ်ခရီမီဆင်းဂါး၏ မိန့်ခွန်းကောက်နုတ်ချက်။

အီရတ်နိုင်ငံအရေးနှင့် ပတ်သက်၍ ဘဂ္ဂဒက်မြို့ရှိ ကုလသမဂ္ဂရုံးအား တိုက်ခိုက်မှုသည် ပြောင်းလဲလာသည့် ကမ္ဘာကြီးနှင့် လိုက်လျောညီထွေ ပိုမိုထိရောက်စွာ အကျိုးပြုနိုင်စေရေးအတွက် ပြုပြင်ပြောင်းလဲမှုများကို ဦးစီးဦးဆောင်ပြုလုပ်ရန် ကုလသမဂ္ဂအဖွဲ့ကြီးအား စိန်ခေါ်လိုက်ခြင်းပင်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့်လည်း အပြောဖြင့်မဟုတ်ဘဲ ပြတ်သားသည့် အလုပ်ဖြင့် ပြသရမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးကို ထူထောင်ခဲ့သည့် ၁၉၄၅ ခုနှစ်က စတင်၍ လျစ်လျူရှု ပစ်ပယ်ခြင်းခံခဲ့ရသော အာရှတိုက်အား ထည့်သွင်းခြင်းဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို တိုးချဲ့ဖွဲ့စည်းသင့်ကြောင်း။

ကုလသမဂ္ဂ အထွေထွေညီလာခံကြီးအနေဖြင့် ၎င်း၏ ပြုပြင်ပြောင်းလဲရေး အဆိုပြုချက်များကို သမားရိုးကျမဟုတ်ဘဲ ခေတ်နှင့်အညီ လိုက်လျောညီထွေ တီထွင်ဆန်းသစ်စွာ ရှုမြင်သုံးသပ်သင့်ကြောင်း၊ ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်၍ ကုလသမဂ္ဂ အထူး အထွေထွေညီလာခံ ကျင်းပကာ လေ့လာသုံးသပ်သင့်သည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အား အကြံပြုလိုပါကြောင်း သီရိလင်္ကာဝန်ကြီးချုပ် ဝစ်ခရီမီဆင်းဂါးက ပြောကြားသည်။ ***အင်တာနက်။***

အီရတ်ပြည်သူများ ဒုက္ခရောက်နေခြင်းအပေါ် ယူအေအီးနိုင်ငံက အလွန်အမင်းစိုးရိမ် အကူအညီပေးရန် ကုလသမဂ္ဂအား တိုက်တွန်း

ရာရှစ်အဗ္ဗဒူလာ အယ်-နိုအိုင်မီ
(အာရပ်စော်ဘွားများနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး)

အီရတ်ပြည်သူများ ဆက်လက် အတိဒုက္ခရောက်နေရခြင်းအပေါ် အာရပ်စော်ဘွားများနိုင်ငံ (ယူအေအီး)က အလွန်အမင်း စိုးရိမ်ကြောင်း၊ ထို့ကြောင့် အီရတ်ပြည်သူများအနေဖြင့် ၎င်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အဖွဲ့အစည်းများ ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် စုပေါင်း၍ အကူအညီပေးရန် ကုလသမဂ္ဂအဖွဲ့ကြီးအား တိုက်တွန်းလိုကြောင်း။

သို့မှသာ အီရတ်နိုင်ငံသည် နိုင်ငံတကာ အသိုက်အဝန်းသို့ ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း၊ အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးနှင့် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်ခွင့် ရရှိရေးတို့အတွက် ကုလသမဂ္ဂက ပိုမိုအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားလိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောကြားသွားသည်။ ***အင်တာနက်။***

အီရတ်ကို ကျူးကျော်တိုက်ခိုက်ခြင်းကြောင့် ကုလသမဂ္ဂအဖွဲ့ကြီးအား ထိခိုက်

ဖီလ်တာ့ဖ်
(နယူးဇီလန်နိုင်ငံခြားရေးဝန်ကြီး)

အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ခြင်းကြောင့် ကုလသမဂ္ဂအဖွဲ့ကြီးအား ထိခိုက်ကြောင်း၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီအတွင်း သဘောထားအမြင်များ ညီမရခြင်းမှာ ဝမ်းနည်းဖွယ်ကောင်းကြောင်း၊ သို့သော် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး၊ အချုပ်အခြာအာဏာ ပြန်လည်အပ်နှင်းရေးနှင့်တကွ နိုင်ငံရေးနှင့် လူမှုရေးအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးတို့မှာ ယခုအခါတွင် အရေးကြီးကြောင်း၊ နယူးဇီလန်နိုင်ငံက ထိုအရေးကိစ္စများတွင် ပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဖီလ်တာ့ဖ်က ပြောကြားလိုက်သည်။ ***အင်တာနက်။***

အီရတ်အကျပ်အတည်း လျှော့မတွက်သင့်

☆ *အီရတ်အကျပ်အတည်းကို စစ်ရေးဆိုင်ရာ လုံခြုံရေးကိစ္စရပ်အဖြစ် လျှော့မတွက်သင့်ကြောင်း၊ သို့ဖြစ်၍ ချမ်းသာသည့် နိုင်ငံများနှင့် ဆင်းရဲသည့် နိုင်ငံများအကြား ကွာဟချက်ကို ကုလသမဂ္ဂအနေဖြင့် အလေးထား အာရုံစိုက်သင့်။*
(ဆလိုဗေးနီးယားသမ္မတ ဂျနက်ဇ်ဒါနိုဗက်စကီး)

ခေတ်နှင့်အညီ ရှုမြင်သုံးသပ်သင့်

☆ *ကုလသမဂ္ဂ အထွေထွေညီလာခံကြီးအနေဖြင့် ပြုပြင်ပြောင်းလဲရေး အဆိုပြုချက်များကို ခေတ်နှင့်အညီ လိုက်လျောညီထွေ တီထွင်ဆန်းသစ်စွာ ရှုမြင်သုံးသပ်သင့်။*
(သီရိလင်္ကာနိုင်ငံဝန်ကြီးချုပ် ရာနေးလ်ဝစ်ခရီမီဆင်းဂါး)

လုံခြုံရေးကောင်စီ အဖွဲ့ဝင်ဦးရေ တိုးချဲ့သင့် အီရတ်တည်ဆောက်ရေး အိုက်စလန် ကူညီမည်

ဟော်လ်ဒါအက်စ်ဂရင်ဆန်
(အိုက်စလန်နိုင်ငံခြားရေးဝန်ကြီး)

ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင် ဦးရေရော၊ သာမန်အဖွဲ့ဝင် ဦးရေပါ ယခုထက် တိုးချဲ့သင့်ကြောင်း၊ အမြဲတမ်း အဖွဲ့ဝင်သစ်များအနေဖြင့် လက်ရှိ အမြဲတမ်းအဖွဲ့ဝင်များနှင့် ထပ်တူအခွင့်အရေးများ ရရှိသင့်ကြောင်း၊ သို့သော် ဗီတိုအာဏာသုံးစွဲခြင်းတွင် ကန့်သတ်မှုများ ထားသင့်ကြောင်း။

အီရတ် ပြန်လည်တည်ဆောက်ရေးတွင် အိုက်စလန်နိုင်ငံက အထောက်အကူပြုလျက်ရှိကြောင်း၊ နောင်တွင်လည်း ဆက်လက်အကူအညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ***အင်တာနက်။***

ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်နှင့် အချုပ်အခြာအာဏာကို အပြည့်အဝ အသုံးပြု အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေး သဘောတူညီမှု ရရှိမည်ဟုမျှော်လင့်

ဖီယိုရင်ဇိုစလိုဖီ (ဆန်မာရီနို နိုင်ငံခြားရေးဝန်ကြီး)

အီရတ်နိုင်ငံ၌ လိုအပ်သော လူမှုရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လုံခြုံရေး၊ တည်ငြိမ်ရေး၊ လွတ်လပ်ရေး၊ ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေး လေးစားလိုက်နာမှု ရှိမှသာလျှင် တည်ဆောက်ရယူနိုင်မည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ထောက်ခံသည့် အီရတ်ကြားဖြတ်အစိုးရအနေဖြင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်နှင့် အချုပ်အခြာအာဏာကို အပြည့်အဝအသုံးပြုပြီး နိုင်ငံတကာက အသိအမှတ်ပြုကာ နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် လိုအပ်သော အခြေအနေများကို အာမခံချက်ပေးနိုင်သည့် ဒီမိုကရေစီအစိုးရတစ်ရပ်ကို ဖွဲ့စည်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း။

အောင်မြင်မှုတစ်ရပ်

ကုလသမဂ္ဂ၏ ကမကထပြုမှုဖြင့် အီရတ်နိုင်ငံ၌ ပူးပေါင်းဆောင်ရွက်နေကြသော နိုင်ငံများအနေဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးနှင့် သဘောတူညီမှု ရရှိလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်သစ်သည် အီရတ်နိုင်ငံ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းကို ဖွင့်လှစ်ပေးမည့် ကြီးမားသော နိုင်ငံရေးနှင့် သံတမန်ရေး အောင်မြင်မှုတစ်ရပ် ဖြစ်လိမ့်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံအား ကျူးကျော်မှုနှင့် သိမ်းပိုက်ထားမှု အဆုံးသတ် ကမ္ဘာတစ်ဝန်း စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲများ၌ တောင်းဆို

လန်ဒန် စက်တင်ဘာ ၂၉

ကမ္ဘာတစ်ဝန်းရှိ ထောင်ပေါင်းများစွာသော စစ်ဆန့်ကျင်ရေး ဆန္ဒပြသူများသည် အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအား ကျူးကျော်မှုနှင့် အီရတ်နိုင်ငံအား သိမ်းပိုက်ထားမှုကို အဆုံးသတ်ရေးအတွက် စနေနေ့က ဒေါသတကြီး တောင်းဆိုကာ ဆန္ဒပြကြသည်။

ဆန္ဒပြသူများက အီရတ်နိုင်ငံမှသိမ်းပိုက်ရေးတပ်သားများနှင့် တိုနီဘလဲတို့ထွက်ခွာကြရန် ဗြိတိန်နိုင်ငံ၏ အီရတ်နိုင်ငံအပေါ် ဆက်လက်၍စစ်ရေးအရ သိမ်းပိုက်မှုကို လန်ဒန်မြို့တွင် ဆန္ဒပြရာတွင် ကြွေးကြော်ကြသည်။

လန်ဒန်မြို့

အီရတ်စစ်ပွဲ ဧပြီလအတွင်းက ပြီးဆုံးပြီးခဲ့သည့်နောက် ပထမဆုံးသော အထင်ကရဆန္ဒပြမှုအဖြစ် လန်ဒန်မြို့တွင် လူ ၂၀၀၀၀ခန့် ချီတက်ဆန္ဒပြခဲ့ကြကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကျူးကျော်သိမ်းပိုက်မှု ဆန့်ကျင်ဆန္ဒပြ

စက်တင်ဘာ၂၇ရက်က ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် စစ်ဆန့်ကျင်ရေးဆန္ဒပြပွဲ ကျင်းပရာ အမျိုးသမီးတစ်ဦးက ဆေးနီသုတ်ထားသည့် လက်ကိုမြှောက်ကာ အီရတ်ကိုအမေရိကန်တို့ ကျူးကျော်သိမ်းပိုက်မှုကို ဆန့်ကျင်ကြောင်း ထုတ်ဖော်ပြသစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ယင်းဆန္ဒပြချီတက်ပွဲက ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲအပေါ် ထပ်မံ၍ ဖိအားပေးလိုက်ခြင်း ဖြစ်သည်။ တိုနီဘလဲ၏ ပြောကြားမှုနှင့် ပြည်သူလူထုက ၎င်းအပေါ် ယုံကြည်မှုမှာ အီရတ် ပဋိပက္ခဖြစ်ပြီးသည့်နောက် စုံးစုံးမြုပ်အောင် ကျဆင်းခဲ့ရသည်။

မဒရစ်မြို့

စပိန်နိုင်ငံ မြို့တော် မဒရစ်တွင် တောင်ချီရှိသောသူများသည် စပိန်ဝန်ကြီးချုပ် ဂျိုဆေးမာရီယာအက်ဇ်နာက အီရတ်စစ်ပွဲအား ထောက်ခံမှုနှင့် စပ်လျဉ်း၍ ချီတက်ဆန္ဒပြကြသည်။

စပိန်နိုင်ငံက အီရတ်နိုင်ငံသို့စစ်တိုက်ခိုက်ရန် စစ်သားများစေလွှတ်ခြင်း မပြုသော်လည်း ဝန်ကြီးချုပ်အက်ဇ်နာက အီရတ်စစ်ပွဲဖြစ်စဉ်အတွင်း အမေရိကန်သမ္မတဂျော့ဂျ်၊ဒဗလျူ၊ ဘုရှ်အား နိုင်ငံရေးအရ ထောက်ခံမှုပေးခဲ့သည်။

ဗြိတိသျှများတွင် အရှက်မရှိကြောင်း၊ အမေရိကန်များ အရှက်နည်းကြကြောင်း၊ စပိန်ရပ်သေး အစိုးရလည်း ယခုတိုင် အရှက်နည်းလျက်ရှိကြောင်း ဆန္ဒပြသူ ဂရီဂိုရီယိုဒိုင်အက်ဇ်က ပြောကြားသည်။

ပြန်လည်ရုပ်သိမ်းရေး

အီရတ်စစ်ပွဲလွန်ခေတ်တွင် ငြိမ်းချမ်းရေးထိန်းသိမ်းရေးအတွက် ကူညီသည့်အနေဖြင့် အီရတ်နိုင်ငံသို့ စေလွှတ်ထားသည့် စပိန်တပ်သား ၁၃၀၀တို့ကို ပြန်လည်ရုပ်သိမ်းရေးကို တောင်းဆိုထားသည့် နဖူးစည်းစာတန်းများ ကိုင်ဆောင်ကာ ဆန္ဒပြသူများက ချီတက်ဆန္ဒပြကြခြင်းဖြစ်သည်။ ဆန္ဒပြလူအုပ်ကြီးက စစ်အလိုမရှိ၊ အီရတ်နိုင်ငံမှ ဘုရှ်နှင့်အက်ဇ်နာတို့ ဆုတ်ခွာကြဟု ဟစ်ကြွေးကြသည်။

ဖော်ပြပါ ဆန္ဒပြသူများ ၇၀၀၀ခန့်ရှိသည်ဟု ရဲတပ်ဖွဲ့က ခန့်မှန်းပြောကြားပြီး အီရတ်စစ်ပွဲ ဖြစ်ပွားစဉ်က စပိန်နိုင်ငံတွင် ဆန္ဒပြသူဦးရေထက် များစွာလျော့နည်းခဲ့ကြောင်း ပြောကြားသည်။

မွတ်စလင် အများစုနေထိုင်သည့် တူရကီနိုင်ငံတွင် လူ ၅၀၀၀ခန့် အစ္စတန်ဘူနှင့် အန်ကာရာတွင် ချီတက်ဆန္ဒပြကြပြီး တူရကီနိုင်ငံက အီရတ်နိုင်ငံသို့ ငြိမ်းချမ်းရေးထိန်းသိမ်းရေး တပ်သားများစေလွှတ်မှုနှင့် ပါလက်စတိုင်းလူမျိုးများအား ထောက်ပံ့မှုဖြစ်ပေါ်ရန် တောင်းဆိုကြသည်။

စက်တင်ဘာ ၂၇ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့၌ စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲ ကျင်းပစဉ်။ (ဆန္ဒပြသူများက အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များ အီရတ်မှ ပြန်လည်ရုပ်သိမ်းရန် တောင်းဆိုကြပြီး အီရတ်သို့ ဂျပန်တပ်သားများ စေလွှတ်ရန် စီစဉ်ထားမှုကို ဆန့်ကျင်ကြသည်။) *(ဓာတ်ပုံ-အင်တာနက်)*

ပြင်သစ်နိုင်ငံတွင် လူ ၃၀၀၀ခန့်ဆန္ဒပြကြကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဂရိနိုင်ငံအေသင်မြို့တော်တွင် လူ ၂၀၀၀ခန့်စုရုံးကြပြီး နယ်ချဲ့သမား၏ ဝင်ရောက်စွက်ဖက်မှု ရပ်ဆိုင်း၊ အီရတ်နိုင်ငံမှ သိမ်းပိုက်သူများထွက်သွားဟု ရေးသားထားသည့် ပိုစတာများကို ဆန္ဒပြသူများက ကိုင်ဆောင်ရင်း ဆန္ဒပြကြသည်။ ဗီယင်နာမြို့တွင် လူပေါင်း ၂၀၀ ခန့် ဆန္ဒပြကြသည်။

ဘာလင်မြို့တွင် ရိုက်စတက်ပါလီမန် အဆောက်အအုံအနီး စုရုံးပြီးဆန္ဒပြကြကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အီရတ်နိုင်ငံအား ဗုံးကြဲတိုက်ခိုက်ခဲ့သည့် အမေရိကန်များအား အီရတ်နိုင်ငံပြန်လည် တည်ဆောက်ရေးအတွက် ငွေကြေးအကူအညီမပေးသင့်ကြောင်း ကာလိုတာဝင့်ဟူသော ဆန္ဒပြသူ တစ်ဦးကပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘဂ္ဂဒက်မြို့ လမ်းမများပေါ်တွင် ခုခံတိုက်ခိုက်မှု မြင့်တက် အီရတ် အရပ်သား ၁၅၁၉ ဦး ထိခိုက်သေဆုံး

လန်ဒန် စက်တင်ဘာ ၂၈

အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအား တိုက်ခိုက်ခဲ့ကတည်းက ဘဂ္ဂဒက်မြို့တော်၏ လမ်းမများတွင် ခုခံတိုက်ခိုက်မှုဖြစ်ရပ်များမှာ မြင့်တက်လျက်ရှိရာ အရပ်သား ၁၅၁၉ ဦး ထိခိုက် သေဆုံးခဲ့ကြောင်းဖြင့် သုတေသနအဖွဲ့တစ်ဖွဲ့က သောကြာနေ့၌ ပြောကြားလိုက်သည်။

ဘဂ္ဂဒက်မြို့တော် လမ်းမများပေါ်ရှိ ဝရန်းသုန်းကားဖြစ်မှုများနှင့်ကြောက်မက်ဖွယ်ရာဖြစ်ရပ်များကြောင့် သေဆုံးသူများ၏ စာရင်းကို ဘဂ္ဂဒက်ရင်ခွဲရုံမှ စာရင်းယူ၍ပြုစုထားကြောင်း၊ အင်္ဂလိပ်၊အမေရိကန်ပညာရှင်များနှင့် ငြိမ်းချမ်းရေး လှုပ်ရှားပြောင်းလဲရေးဝါဒီများ အုပ်စုက ပြုလုပ်သည့် လေ့လာချက်များအရသိရသည်။

သေဆုံးသူ အများစုမှာ ခုခံတိုက်ခိုက်သည့် အီရတ်နိုင်ငံသားများဖြစ်ကြသော်လည်း အချို့သောသေဆုံးမှုများမှာ အမေရိကန်စစ်ဘက်မှပစ်ခတ်မှုကြောင့် သေဆုံးခြင်းဖြစ်ကြောင်း ဖော်ပြပါအဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ဧပြီလလယ်မှ ဩဂုတ်လကုန်အထိ ခုခံတိုက်ခိုက်မှုကြောင့် သေဆုံးရသူ ၂၈၄၆ ဦးရှိကြောင်း ဘဂ္ဂဒက်ရင်ခွဲရုံ မှတ်တမ်းအရ သိရကြောင်း ဖော်ပြပါ ကြေညာချက်တွင် ပါရှိသည်။

အီရတ်ပြည်သူပြည်သားအများစုက အေကေ-၄၇ ရိုင်ဖယ်နှင့် ခြောက်လုံးပြူးသေနတ်များ ကိုင်ဆောင်လျက်ရှိကြကာ ဆက်ဒမ်ဟူစိန်အား ရာထူးမှ ဖယ်ရှားလိုက်ပြီးနောက် လိုအပ်လျှင် အသုံးပြုရန် အသင့်ပြင်ဆင်ထားကြခြင်းဖြစ်သည်။

အီရတ်ပြည်သူများသည် လူသတ်ခြင်းဖြင့် အပြစ်တစ်စုံတစ်ရာ ပေးနိုင်ဖွယ် မရှိကြောင်း သဘောပေါက်နေကြသောကြောင့် ကျောင်းတော်က ရန်စများကို လက်စားချေသတ်ဖြတ်ခြင်းနှင့် ဖြေရှင်းနေကြရာ ဘဂ္ဂဒက်မြို့တော်တစ်ခွင် သေနတ်ပစ်ခတ်မှုများ မတွေ့ချင်အဆုံး၊ လက်စားချေ သတ်ဖြတ်မှုများမှာလည်း မမြင်ချင်အဆုံး ဖြစ်နေသည်။

ဘဂ္ဂဒက်ဒေသခံမြို့လူထုသည် အမေရိကန်စစ်သားများနှင့် အီရတ်ပြောက်ကျားများဟု သင်္ကာမကင်းဖြစ်ရသူများအကြား တိုက်ခိုက်ကြရာတွင် ပိတ်မိမည့်အရေးကို သောက မအေးစွာ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် နေထိုင်ကြရသည်။

နေ့စဉ် ခုခံတိုက်ခိုက်မှုကြောင့် သေဆုံးသူနှုန်းမှာ ဘဂ္ဂဒက်ရှိအထင်ကရ ရင်ခွဲရုံစာရင်းအရ ဧပြီလလယ်က ၁၀ ဦး ရှိရာမှ ဩဂုတ်လအတွင်း ၂၈ ဦး ကျော်အထိရောက်ရှိလာခဲ့ကြောင်း ဖော်ပြပါ အုပ်စု၏ ကြေညာချက်အရ သိရှိရသည်။

အမေရိကန်သည် အီရတ်စစ်ပွဲဆင်နွှဲရာ ထိထိရောက်ရောက်ရှိနိုင်ဖွယ်ရှိကြောင်း၊ သို့ရာတွင် အမေရိကန် သိမ်းပိုက်ထားစဉ်အတွင်း အီရတ်မြို့တော် ဘဂ္ဂဒက်သည် ဥပဒေမဲ့လုပ်ရပ်များဖြစ်ပွားရာ နေရာအဖြစ် ကျဆင်းခဲ့ခြင်းမှာ အီရတ်ပြည်သူတစ်ရပ်လုံး၏ လုံခြုံရေးကိုမဖြည့်ဆည်းနိုင်သလို ဥပဒေစိုးမိုးရေးကိုလည်း ဆက်လက် ထိန်းသိမ်းနိုင်စွမ်း မရှိကြောင်းကို ပြသလိုက်ခြင်းဖြစ်ကြောင်း သုတေသီတစ်ဦးဖြစ်သူ ဒါဒါဂန်ကပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဆော်ဒီအာရေဗျ တပ်သားများ စေလွှတ်ရေး အလားအလာ မရှိ

ရီယတ် စက်တင်ဘာ ၂၉

ဆော်ဒီအာရေဗျနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ကြီးက နိုင်ငံတကာတပ်ဖွဲ့များ အီရတ်၌ ငြိမ်းချမ်းရေးထိန်းသိမ်းရေးအတွက် စေလွှတ်ရေး ကိစ္စကို သဘောတူ အဆုံးအဖြတ်ပေးခဲ့သည့်တိုင်အောင် ဆော်ဒီတပ်များကို အီရတ်သို့ စေလွှတ်ရန် အလားအလာ မရှိဟု ဆော်ဒီအာရေဗျနိုင်ငံ ဒုတိယကာကွယ်ရေး ဝန်ကြီးက ပြီးခဲ့သော စနေနေ့က ထုတ်ဖော် ပြောကြားသွားသည်။

အမေရိကန်နိုင်ငံသည် ကုလသမဂ္ဂအဖွဲ့တွင် ကမ္ဘာ့နိုင်ငံများက စစ်ပြီးကာလ အီရတ်နိုင်ငံ ပြန်လည် တည်ထောင်ရေးတွင် တပ်ဖွဲ့များစေလွှတ်ပေးရန်နှင့် ငွေကြေး ထည့်ဝင်မှုများ ပြုလုပ်ပေးကြရန် ဆွဲဆောင်တောင်းခံလျက်ရှိသည်။ ထိုကိစ္စကို ကုလသမဂ္ဂမှ အဆုံးအဖြတ်ချမှတ်ပေးပါရန် ကြိုးပမ်းနေသည်။ ထိုအတောအတွင်းတွင် ဆော်ဒီတပ်ဖွဲ့ အီရတ်သို့ စေလွှတ်စရာ အကြောင်းမရှိဟူသောစကားကို မင်းသားခါလက်ဘင်စူလတန်က အိုကတ်စ်သတင်းစာသို့ အသိပေး ပြောကြားလိုက်ခြင်းဖြစ်သည်။ ***အင်တာနက်။***

အမေရိကန် အုပ်ချုပ်ရေးအဖွဲ့ အသုံးပြုသည့် ဘဂ္ဂဒက် ဟိုတယ်အား ဒုံးကျည်များဖြင့် တိုက်ခိုက်

ဘဂ္ဂဒက် စက်တင်ဘာ ၂၉

အီရတ်နိုင်ငံရှိ အမေရိကန်ဦးဆောင်သည့် အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ အသုံးပြုနေသော ဘဂ္ဂဒက်ဟိုတယ်အား ပြောက်ကျားများက ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ကြကြောင်း၊ သို့ရာတွင် မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာ မရရှိကြောင်းဖြင့် အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကပြောကြားသည်။

တိုက်ခိုက်သူများက ဒုံးပစ်လောင်ချာ အများအပြားကို အသုံးပြုတိုက်ခိုက်ကြရာ အရပ်သားများနှင့် စစ်ဘက်မှပုဂ္ဂိုလ်များ နံနက်၆ နာရီခွဲခန့်တွင် အိပ်ပျော်နေကြစဉ် ရာရှစ်ဟိုတယ်အား ထိမှန်ကြောင်း ဖော်ပြပါ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး ဝီလျံဒါလေးက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် ပြောက်ကျားများက အမေရိကန်တပ်သားများအား အလွယ်တကူ ပစ်မှတ်အဖြစ်ထားရှိကာ မျက်နှာချင်းဆိုင် ထိပ်တိုက်တိုက်ခိုက်သည့် နည်းဗျူဟာအား ပြောင်းလဲလိုက်သည့် နောက်ဆုံးတိုက်ခိုက်မှု သရုပ်သကန်ကို ထုတ်ဖော် ပြသခြင်းဖြစ်ကြောင်း ဒါလေးက ပြောကြားသည်။

ဖော်ပြပါ ရာရှစ်ဟိုတယ် ၁၄ ထပ်မြောက် ဝန်းကျင်တွင် ဒုံးကျည်ထိမှန်ကြောင်း အထက်ပါ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ပေါက်ကွဲသံများကို ဘဂ္ဂဒက်မြို့တော်တစ်ခွင်မှ ကြားကြရကြောင်း၊ ရာရှစ်ဟိုတယ်သည် အမေရိကန်ဦးဆောင်သည့် အုပ်ချုပ်ရေးအဖွဲ့က အသုံးပြုနေပြီး တိုက်ဂရစ်မြစ်အနောက်ဘက် ကမ်းနဖူးပေါ် တည်ရှိသည်။

အမေရိကန်စစ်သားများက ယင်းနေရာတစ်ဝိုက်အား ပိတ်လိုက်ပြီး ဟိုတယ်လုံခြုံရေးဝန်ထမ်းတစ်ဦးအား စစ်ဆေးမေးမြန်းရန် ခေါ်ယူသွားကြောင်း ဒေသခံများက ပြောကြားသည်။

ရာရှစ်ဟိုတယ်ဝင်းခြံသည် ခံတပ်အဖြစ် အခိုင်အမာတည်ဆောက်ထားပြီး ဆက်ဒမ်ဟူစိန်နှင့် ၎င်း၏ လက်ရွေးစင်တပ်သားများ ဆောက်လုပ်ခဲ့သည့် နန်းတော်များတည်ရှိရာ နေရာဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်စစ်ပွဲ ဆန့်ကျင်

စက်တင်ဘာ ၂၇ ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ ပန်းခြံတစ်ခု၌ ကျင်းပသည့် အီရတ်စစ်ပွဲ ဆန့်ကျင်ရေးနှင့် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြပွဲတွင် ဆန္ဒပြသမားများကြွေးကြော်နေကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်သို့ တပ်သားများစေလွှတ်ရေး ဆန့်ကျင် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ချီတက်ဆန္ဒပြ

ဆိုးလ် စက်တင်ဘာ ၂၉

အမေရိကန်နိုင်ငံက အီရတ်နိုင်ငံသို့ တောင်ကိုရီးယားနိုင်ငံမှ တိုက်ခိုက်ရေးတပ်ဖွဲ့များ စေလွှတ်ပေးရန် တောင်းခံထားသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ကြောင်း ဆန္ဒပြသည့်အနေဖြင့် တောင်ကိုရီးယားလူမျိုး ဆန္ဒပြသမား ၂၀၀၀ ခန့်သည် လွန်ခဲ့သော စနေနေ့က ဆိုးလ်မြို့တွင် ချီတက်ဆန္ဒပြခဲ့ကြသည်။

ဆန္ဒပြသမားများသည် အလံများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်ထားကြသည်။ ထိုဆိုင်းဘုတ်များတွင် **ကျွန်ုပ်တို့ တောင်ကိုရီးယားတပ်ဖွဲ့များ စေလွှတ်ရေးကို ဆန့်ကျင်သည်၊ အီရတ်ကို ကျူးကျော်သိမ်းပိုက်ထားသည်ကို ရပ်စဲပေး၊ ကိုရီးယားလူငယ်များကို အီရတ်လူသတ်ပွဲများတွင် လက်မရွံ့ အာဏာသားများအဖြစ် မပါဝင်စေနှင့်** စသည်ဖြင့် စာတန်းများ ရေးထိုးထားကြသည်။

ချီတက်ဆန္ဒပြ

နှစ်နာရီကြာ လမ်းလျှောက် ချီတက်ဆန္ဒပြကြရာ၌ ရဲတပ်ဖွဲ့ဝင်များနှင့် တစ်စုံတစ်ရာ အချင်းများခြင်းမရှိခဲ့ဟု ဆိုသည်။ စစ်ပြီးကာလတွင် အီရတ်နိုင်ငံ၌ လုံခြုံမှုနှင့် တည်ငြိမ်မှုထိန်းသိမ်းရေးအတွက် တောင်ကိုရီးယားတပ်ဖွဲ့ဝင်အင်အား ထောင်နှင့်ချီ၍ အီရတ်နိုင်ငံသို့ စေလွှတ်ပေးရန် အမေရိကန်တို့က တောင်းခံခဲ့သည်။ တောင်ကိုရီးယားနိုင်ငံသည် အာရှရှိအမေရိကန်၏ အဓိက မဟာမိတ်နိုင်ငံတစ်ခုဖြစ်သည်။

များပြားလာ

တောင်ကိုရီးယားတပ်ဖွဲ့များ အီရတ်သို့ စေလွှတ်ရေးကိစ္စကို တောင်ကိုရီးယားပြည်သူများအကြားတွင် ဆန့်ကျင်သူအင်အား များပြားလာလျက်ရှိသည်။ အထူးသဖြင့် ပျော့ပျောင်းသော သဘောထားရှိသည့် တောင်ကိုရီးယားလူထုများနှင့် တောင်ကိုရီးယားလူငယ်များအကြားတွင် မမြင်သာသော အမေရိကန် ဆန့်ကျင်ရေးသဘောထားများ များပြားလာလျက်ရှိသည်ဟု ဆိုသည်။

အင်တာနက်။

စက်တင်ဘာ ၂၇ ရက်က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်တွင် ကျင်းပသည့် အီရတ်စစ်ပွဲ ဆန့်ကျင်ရေးနှင့် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြပွဲတွင် အမေရိကန်သမ္မတ ဂျော့ဂျ်၊ဒဗလျူ၊ဘုရှ်မျက်နှာဖုံးရုပ်ပုံအား ကိုင်ဆောင်ကာ ဆန္ဒပြနေကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်သို့ ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်သားများ စေလွှတ်ရန် ဘင်္ဂလားဒေ့ရှ်အစိုးရက ငြင်းဆိုမှု သတင်းစာများထောက်ခံ

ဒါကာ စက်တင်ဘာ ၂၈

ဘင်္ဂလားဒေ့ရှ်က အီရတ်သို့ ငြိမ်းချမ်းရေးတပ်များ စေလွှတ်ခြင်းမပြုရန် ဆုံးဖြတ်ခြင်းမှာ အမေရိကန်တပ်များ အီရတ်အား ကျူးကျော်တိုက်ခိုက်ခြင်းကို ဆန့်ကျင်သည့် စောစောပိုင်းက ရပ်တည်ချက်နှင့် ကိုက်ညီကြောင်းပြောကြားကာ ဝေဖန်ဆန်းစစ်သူများနှင့် သတင်းစာများက ဘင်္ဂလားဒေ့ရှ်အစိုးရအား ချီးကျူးကြိုဆိုကြသည်။

အမေရိကန်နိုင်ငံက အီရတ်နိုင်ငံအတွင်း ငြိမ်းချမ်းရေးထိန်းသိမ်းမှုတွင် အခြားနိုင်ငံများ အထူးသဖြင့်မွတ်စလင်နိုင်ငံများ ပါဝင်လာရေးကို ကြိုးပမ်းသည်။

ပါဝင်နိုင်

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် သဘောထား ပျော့ပျောင်းသည့် မွတ်စလင်နိုင်ငံဖြစ်သဖြင့် အီရတ်နိုင်ငံ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတွင် ဘင်္ဂလားဒေ့ရှ်တပ်များ ပါဝင်လာနိုင်ကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်ဟု သတင်းရရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းများတွင်လည်း မကြာခဏ ပါဝင်ကူညီသည့် နိုင်ငံဖြစ်သည်ဆို၏။

လိုင်ဘေးရီးယားသို့ ဘင်္ဂလားဒေ့ရှ် ငြိမ်းချမ်းရေးထိန်းသိမ်းရေး တပ်သား ၅၀၀၀ ပေးပို့ရန် ဘင်္ဂလားဒေ့ရှ် အစိုးရက မကြာမီက အာမခံပြောကြားသည်ဟု သိရသည်။

လက်ရှိအခြေအနေတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံက အီရတ်သို့ စစ်သားများ စေလွှတ်ရေးကို အတည်ပြုမည် မဟုတ်ကြောင်း နိုင်ငံရေးသိပ္ပံပညာရှင်အူမာက ပြောဆိုသည်။

အမိန့်ရမှသာ

ကုလသမဂ္ဂ၏ ရှင်းလင်းပြတ်သားသည့် အမိန့်ရမှသာလျှင် အီရတ် ငြိမ်းချမ်းရေးထိန်းသိမ်းမှုတွင် မိမိတို့ ပါဝင်နိုင်မည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန ထိပ်တန်းအရာရှိ ချောက်ဒရီက သတင်းထောက်များအား ပြောကြားလိုက်သည်။

အင်တာနက်။

ကုလသမဂ္ဂ၏ ဦးဆောင်မှုအောက်မှသာ အီရတ်ရှိ ငြိမ်းချမ်းရေးတပ်ဖွဲ့၌ မလေးရှားပါမည်

ကွာလာလမ်ပူ စက်တင်ဘာ ၂၈

ကုလသမဂ္ဂ၏ ဦးဆောင်မှုအောက်မှသာ မလေးရှားနိုင်ငံက အီရတ်နိုင်ငံရှိ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့၌ ပူးပေါင်း ပါဝင်မည်ဖြစ်ကြောင်း မလေးရှားကာကွယ်ရေးဝန်ကြီး နာဂျစ်တွန်ရာဇက်က စနေနေ့တွင် ထပ်လောင်းပြောကြားလိုက်သည်။

မလေးရှားဝန်ကြီးချုပ် မဟာသီယာမိုဟာမက်က ပြောကြားထားသည့်အတိုင်း ကုလသမဂ္ဂ၏ မူဘောင်ပြင်ပမှနေ၍ နိုင်ငံစုံတပ်ဖွဲ့၌ မလေးရှားက ပူးပေါင်းပါဝင်မည်မဟုတ်ကြောင်း မလေးရှားနိုင်ငံအလယ်ပိုင်း ပီရက်ပြည်နယ် ပီကန်မြို့တွင် ကျင်းပသည့် အစည်းအဝေး၌ သဘာပတိအဖြစ် ဆောင်ရွက်ပြီးနောက် နာဂျစ်က ပြောကြားသည်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက အီရတ်အရေးတွင် အပြုသဘောဆောင် ပါဝင်ဆင်နွှဲနိုင်စေရန်အတွက် ကုလသမဂ္ဂသည် စစ်ပြီးခေတ်ကာလ အီရတ်နိုင်ငံ၌ အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သင့်ကြောင်း မလေးရှားနိုင်ငံက တိုက်တွန်းထားသည်။ *အမ်အင်အေ၊ဆင်ဟွာ။*

နိုင်ငံခြားသတင်းများ

အီရတ်၌ လုံခြုံရေးအခြေအနေ တင်းမာ ကုလသမဂ္ဂဝန်ထမ်းများကို ဆက်လက်လျှော့ချ

ဘဂ္ဂဒက် စက်တင်ဘာ ၂၇

အီရတ်တွင် ခြောက်လအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် အမေရိကန်နိုင်ငံက သဘောတူညီ လိုက်စဉ်တွင် အမေရိကန်အရာရှိများ တည်းခိုသည့် ဘဂ္ဂဒက်ဟိုတယ်တစ်ခု အတိုက်ခံရပြီး ကုလသမဂ္ဂက အီရတ်ရှိ ကုလသမဂ္ဂဝန်ထမ်းများကို ဆက်လက်လျှော့ချ ရုပ်သိမ်းလျက်ရှိသည်။

မျှော်လင့်

ကုလသမဂ္ဂ ဝန်ထမ်းအချို့အပါအဝင် နိုင်ငံတကာ ထောက်ပံ့ရေး အရပ်သား ၂၄ ဦးတို့သည် သောကြာနေ့ ညနေပိုင်းက ကုလသမဂ္ဂဝန်ထမ်း ၁၂ ဦး၏ လမ်းအတိုင်းလိုက်ကာ နယ်စပ်ကိုဖြတ်ပြီး ဂျော်ဒန်နိုင်ငံအတွင်း ဝင်ကြမည်ဟု မျှော်လင့်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောဆိုသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ အီရတ်နိုင်ငံဆိုင်ရာ အထူးသံတမန် အပါအဝင် လူပေါင်း ၂၂ဦး သေဆုံးခဲ့သည့် ဘဂ္ဂဒက်မြို့တော်ရှိ ကုလသမဂ္ဂ အဖွဲ့ရုံးကို ဩဂုတ်လ ၁၉ ရက်က ကားဗုံးဖောက်ခွဲမှု မတိုင်မီအထိ ကုလသမဂ္ဂသည် အီရတ်နိုင်ငံ၌ ဝန်ထမ်းပေါင်း ၆၅၀ ခန့်ထိ ထားရှိခဲ့သည်။ တနင်္လာနေ့က ဒုတိယအကြိမ် ကားဗုံးဖောက်ခွဲခံရမှုတွင် အီရတ်လုံခြုံရေး တစ်ဦး သေဆုံးသွားသည်။

အဟန့်အတား

အီရတ်နိုင်ငံ၌ ၎င်းတို့၏လုပ်ငန်းများ ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂ အဓိက ထောက်ပံ့ရေးအေဂျင်စီများက ကြေညာသည်။ သို့သော် ယခုကဲ့သို့ အစုအပြုံလိုက် အီရတ်မှပြန်သွားကြသည့်အတွက် လိုအပ်သော အထောက်အပံ့ပစ္စည်းများ ဖြန့်ဖြူးမှုကို အဟန့်အတားဖြစ်စေနိုင်ကြောင်း အချို့ကဝန်ခံကြသည်။

အင်တာနက်။

လန်ဒန်မြို့ ဆန္ဒပြပွဲ

ဗြိတိသျှအစိုးရသည် ယခုအခါ ပြည်သူလူထု၏ ထောက်ခံမှု ရရှိမှု ဆက်လက်ကျဆင်းလျက်ရှိသည်။ စက်တင်ဘာ ၂၇ ရက်က အီရတ်စစ်ပွဲ၌ ဗြိတိန်နိုင်ငံ ပါဝင်ခြင်းကို ဆန့်ကျင်သည့်အနေဖြင့် လန်ဒန်မြို့တွင် ဆန္ဒပြပွဲ ကျင်းပစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နယ်ခစ် မှတ်တမ်း
(အကြွင်းမဲ့လက်နက်စွန့်ခဲ့သော အမ်တီအေ)

မြင့်စိုး(နတလ)

လည်ချောင်းနင်ခဲ့ရသောညစာစားပွဲနှစ်ခု

ဟိုမိန်းဒေသ အမှတ်တရ အကြောင်းအရာများစွာထဲတွင် စားလက်စ ထမင်းလုတ် လည်ချောင်းရင်း၌ ကန့်လန့်ခံသွားခဲ့ဖူးသည့်အဖြစ်မျိုး နှစ်ခါကြုံခဲ့သည်။ ဟိုမိန်းသို့ရောက်ပြီး မကြာမီမှာပင် ဦးခွန်ဆာက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ ရှေ့တန်းအမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် ဒုတိယတပ်မမှူး၊ တပ်မတော်ထောက်လှမ်းရေးမှ တာဝန်ရှိသူများ၊ နယ်မြေခံ တပ်ရင်းမှူးများ၊ အမ်တီအေ ခေါင်းဆောင်ပိုင်းများ၊ နယ်စပ်ဒေသ အထူးအုပ်ချုပ်ရေးအဖွဲ့(ဟိုမိန်း) အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ယင်းညစာစားပွဲ၌ ဦးခွန်ဆာက နိုင်ငံတော်အစိုးရ၏ မေတ္တာ၊ စေတနာကို ဖော်ညွှန်း၍ ကျေးဇူးစကားဆိုသည်။ အကြောင်းမသိလျှင်တော့ ရှေ့တွင်မို့ သည်စကားမျိုးတွေ ပြောနေသလား ထင်ကောင်းထင်နိုင်သည်။ လက်ရှိ ဒီအစိုးရလက်ထက်မှာမှ ငါတို့လက်နက်မစွန့်ရင်၊ နောင်ဘယ်တော့မှ စွန့်ဖြစ်မှာမဟုတ်ဘူးဆိုသည့် စကားကို အချိန်ကြာမြင့်စွာကပင် ဦးခွန်ဆာက ပြောလာခဲ့ကြောင်း၊ သူနှင့် ရင်းနှီးသူတချို့ထံမှ ပြန်ကြားခဲ့ရ၏။ လေးလေးနှင့် မှန်မှန်ပြောသွားသော သူ့စကားတွေကို ပြန်လည်တွေးတောရင်း ထမင်းစားနေစဉ်အခိုက် ၁၉၈၄ ခုနှစ်က ရေးခဲ့ဖူးသော လွယ်မော်နှင့် ပတ်သက်သည့် ဆောင်းပါးများအား ဖျတ်ခနဲ သတိရမိသောအခါ စားလက်စ ထမင်းသည် လည်ချောင်းရင်း၌ တစ်ဆို့သွားလေ၏။

အလားတူ နောက်တစ်ကြိမ် ကြုံပြန်သည်။ အမ်တီအေ၏ အုပ်ချုပ်ရေးကဏ္ဍ မရှိတော့သည့် ဟိုမိန်းဒေသ၌ ကျွန်တော်တို့ အထူးအုပ်ချုပ်ရေးအဖွဲ့ဝင်များသည် နေ့ချင်းညချင်း ရပ်မိရပ်ဖများ ဖြစ်ကုန်ကြတော့သည်။ ရပ်မိရပ်ဖဆိုမှတော့ သာရေး၊ နာရေးကအစ တာဝန်ရှိလာသည်။ ဖိတ်ကြားသမျှ သွားကြ လာကြရ၏။ ငြင်း၍မဖြစ်။ ရှောင်၍လည်း မကောင်း။ တစ်နေ့ နားမိုက်လေရပ်ကွက်မှ ရပ်ကွက်လူကြီးက အိမ်ရှင်ကိုယ်စား ညစာစားဖို့ လာဖိတ်သည်။ သာရေးနာရေးကိစ္စတစ်ခု ဖြစ်ဟန်တူ၏ပေ့။ ဥက္ကဋ္ဌ ဗိုလ်မှူးငွေထွန်း၊ အတွင်းရေးမှူး ဗိုလ်ကြီးကျော်ရွှေ၊ ဒုရဲမှူး ဦးဝင်းတင်၊ တရားသူကြီး ဦးဝင်းမြင့်ဦး၊ ဥပဒေအရာရှိ ဦးစိုးသန်း၊ အကောက်ခွန်မှ ဦးတင်ဝင်း၊ ထွေ/အုပ်မှ ဦးမောင်မောင်၊ လဝကမှ ဦးသိန်းကြွယ်နှင့် ဦးသန်းမြင့်၊ နတလမှ ကျွန်တော်၊ အားလုံး လူစုံတက်စုံချီတက်ကြသည်။

အာလာပ သလ္လာပတွေ အပြောများနေသဖြင့် ထမင်းဖိတ်ကျွေးရခြင်းအကြောင်းရင်းဆီသို့ တော်တော်နှင့် မရောက်။ ထမင်းလည်း စားရော ရပ်ကွက်လူကြီးက စကားပြန်လုပ်၍ ပြောလာတော့သည်။ ယခု ထမင်းဖိတ်ကျွေးသည့် အိမ်ရှင်အမျိုးသမီးမှာ မနက်ပိုင်းကမှ သူ့ယောကျ်ားနှင့် စိတ်သဘောထားချင်း မတိုက်ဆိုင်ကြတော့၍ ကွာရှင်းပြတ်စဲခဲ့ကြကြောင်း၊ ယခု ကြွရောက်လာသော လူကြီးများအား သက်သေထားလို၍ လည်းကောင်း၊ နောင် သူနှင့် မပတ်သက်တော့သည်ကို ရပ်ကွက်က အသိအမှတ်ပြုစေရန်အတွက်လည်းကောင်း ဒေသထုံးစံအတိုင်း ထမင်းဖိတ်ကျွေးခြင်းဖြစ်ကြောင်း သိလိုက်ရသည်။ ဘုမသိဘမသိ စားသောက်နေမိရာက လင်ကွာမယားကွာကိစ္စကြီးကို သိလိုက်ရသောအခါ ကျွန်တော်တို့အားလုံး ထမင်းနင်ခဲ့ကြသည်။ သည်လိုကိစ္စမျိုး ရှိသလားဟူ၍လည်း မမေးရဲတော့ပါ။

လူပေါင်းစုံစွာ ဟိုမိန်းဒေသမှာ

ဟိုမိန်းမြို့က သေးသေးရှည်ရှည်မျောမျောလေးပေမယ့် အမ်တီအေလက်ထက်၌ လူပေါင်း စုံဝင်၊ ထွက်နေသော နေရာဖြစ်ခဲ့၏။ နိုင်ငံခြားသားများ၊ နိုင်ငံခြားသတင်းထောက်များခြေချင်း လိမ်ခဲ့ကြသည်။ ပြည်တွင်းဖြစ် KNU လည်း လာဖူးသည်။ မူးယစ်ဆေးဝါးဖြန့်ဖြူးသူများ၊ သစ်မှောင်ခို၊ နွားမှောင်ခို၊ ကျောက်မှောင်ခိုများနှင့်လည်း မကင်း၊ မှောင်ခိုများသာမက တကယ့်အမှောင်ခိုသည့်မိန်းကလေးများအတွက် အိမ်အမှတ်(တ/၁၀)လို အိမ်မျိုးကနှစ်အိမ်ရှိသည်။ ကျွန်တော်တို့ရောက်တော့ ထိုအဖွဲ့အစည်းများ မရှိတော့ပြီ။ လစ်ကုန်ကြ၏။ (တ/၁၀)အုပ်စုကိုလည်း ရှင်းထုတ်ရ၏။

ကျွန်တော် ရည်ညွှန်းလိုသည်မှာ ယင်းအဖွဲ့များ မဟုတ်ပေ။ အမ်တီအေသည် ၁၉၈၄ ခုနှစ်တွင် WNA မှ မဟာဆန်းကို ဖဲ့ထုတ်စည်းရုံးနိုင်ခဲ့သဖြင့် WNA အဖွဲ့ဝင်တွေလည်း ရှိနေသည်။ ၁၉၈၅ ခုနှစ်တွင် SURA မိုးဟိန်းအဖွဲ့နှင့် ပူးပေါင်းခဲ့သဖြင့် ဦးမိုးဟိန်း ကွယ်လွန်သွားသော်လည်း သူ၏တပည့် သြရသများ ဟိုမိန်း၌ ကျန်ခဲ့၏။ တစ်ဖန် SSA အဖွဲ့ ငြိမ်းချမ်းရေးယူသွားသောအခါ စိုင်းအိတ်(ကုလား) ခေါင်းဆောင်သည့် SSA လက်ကျန်အဖွဲ့ကို ၁၉၉၁ ခုနှစ်တွင် သိမ်းသွင်းလိုက်ပြန်သဖြင့် SSA အနွယ်တော်တွေလည်း ရှိနေပြန်သည်။ ထို့ပြင်တဝ ၁၉၉၂ ခုနှစ်အတွင်း KNPP မှ ခွဲထွက်၍ အမ်တီအေအဖွဲ့ထဲရောက်နေကြသော လဝေထန်ဦးစီး ကယန်းတိုင်းရင်းသားများက ဟိုမိန်း ပန်သပြေရပ်ကွက်၌ နေကြသည်။

ဤသို့ အဖွဲ့ပေါင်းစုံရောက်ရှိနေသော အရပ်ဒေသ၌ တစ်ခါက ရင်းနှီးခဲ့၊ မျက်မှန်းတန်းခဲ့ဖူးသူများကို ပြန်တွေ့ရသောအခါ အံ့သြခြင်းဖြစ်မိ၏။ ၁၉၈၁ ခုနှစ် လဲချားအထက ကျောင်းဝင်းထဲ၌ မိမိရဲဘော်များနှင့် သန့်ရှင်းရေး လုပ်အားပေးခဲ့ကြစဉ် ဆုံခဲ့ဖူးသော ဆရာမတစ်ဦး ဟိုမိန်းမှာ ရောက်နေသည်။ ၁၉၈၄ ခုနှစ် မိုင်းကိုင်သကြၤန် စတိတ်ရှိုးပွဲ၌ လိဒ်ဂစ်တာ အတီးကောင်းသူ၊ ဘေ့စ်ဂစ်တာ အတီးကောင်းသူများကို ဦးခွန်ဆာ၏ လုံခြုံရေးတပ်စုမှူးအဖြစ် အမ်တီအေ အထည်ချုပ်စက်ရုံနည်းပြအဖြစ် တွေ့ရပြန်သည်။ ၁၉၉၀ ပြည့်နှစ် တန့်ယန်းမြို့နယ် နောင်လိုင်ရွာ၌ ခင်မင်ရင်းနှီးခဲ့သော ရွာသားတော်တော်များများကို ဟိုမိန်း၊ မုန်းထော်၊ မုန်းထ၊ ဟွေယောင်းတို့၌ မြင်ရပြန်သည်။ ငယ်စဉ်က လေးမျက်နှာ ပရဟိတကျောင်း၌ နေခဲ့ဖူးသော ဟန်းသလောကို လဝေထန်အဖြစ်နှင့် ပြန်ဆုံရသည်။ သူ ကျောင်းမှ ထွက်ပြေး၍ တောထဲရောက်သွားခြင်းအတွက် ဘုန်းကြီး အလွန်ဒေါသထွက်ခဲ့ကြောင်း ၂၅ နှစ်ကြာမှ သူ့ကို ပြောခွင့်ရခဲ့၏။

နိုင်ငံတော်သို့ အကြွင်းမဲ့ လက်နက်အပ်နှံသည့် အခမ်းအနားကို ဟိုမိန်းဒေသ၌ ကျင်းပစဉ်။

ဒါတောင် SSNA (ခွဲထွက်)အဖွဲ့မှ ဦးကန္တကြီးက ၁၉၉၅ ခုနှစ်ကတည်းက အမ်တီအေနှင့် လမ်းခွဲခဲ့ကြ၍ ဟိုမိန်း၌ မဆုံခြင်းဖြစ်မည်။ ဦးကန္တသည် ကျွန်တော်တို့ မိုင်းကိုင်ခွင်၌ လှုပ်ရှားခဲ့ကြစဉ် မိုင်းယွန်းကျေးရွာအုပ်စု လူကြီးဖြစ်၏။ ကျွန်တော်တို့က အဘ အဘ ခေါ်၍ အကူအညီတောင်းသမျှ မငြိုမငြင် လုပ်ကိုင်ပေးသူဖြစ်သည်။ ယခု ကွယ်လွန်ခဲ့ပြီ။

ဆိုခဲ့သည့်အတိုင်း ရှေးဦးမဆွ ကာလများကတည်းက နိုင်ငံခြားသားများ၊ သတင်းထောက်များ ခြေရှုပ်ခဲ့သော နေရာ၊ လုပ်ငန်းပေါင်းစုံ လုပ်ကိုင်ခဲ့သော အရပ်၊ တစ်ဖက်နိုင်ငံ ထိစပ်နေသော နယ်စပ်မြို့၊ လက်နက်ကိုင်အဖွဲ့အစည်းမျိုးစုံ ပေါင်းစုခဲ့ရာဒေသ၊ ထိုထိုသော ထူးခြားချက်များကြောင့် ဟိုမိန်းတွင် သွားရောက် တာဝန်ထမ်းဆောင်မည့် အထူးအုပ်ချုပ်ရေးအဖွဲ့ဝင်များကို နိုင်ငံတော် အကြီးအကဲများ၊ တာဝန်ရှိသူများက အထပ်ထပ်အခါခါ မှာကြားခဲ့ကြသည်။

ဟိုမိန်းခရီးလမ်း မှာတမ်းအထွေထွေ

တပ်မတော်ထောက်လှမ်းရေးနှင့် ၁၉၉၅ ခုနှစ်အတွင်း စတင်ဆက်သွယ်ကာ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးပြီးနောက် အမ်တီအေအဖွဲ့သည် ၁၉၉၆ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့မှစ၍ အကြွင်းမဲ့ လက်နက်စွန့်ခဲ့ကြသည်။ လက်နက်အပ်နှံပွဲအခမ်းအနားများကို ဇန်နဝါရီလ ၅ ရက်နေ့၌ လွယ်လန်း၊ ဇန်နဝါရီလ ၇ ရက်နေ့နှင့် ၁၈ ရက်နေ့များ၌ ဟိုမိန်း၊ ဇန်နဝါရီလ ၁၂၊ ၁၃၊ ၁၄၊ ၁၆ ရက်များ၌ လွယ်တွန်း မိုင်းကွမ်းဒေသ၊ ဇန်နဝါရီလ ၁၅၊ ၂၆ ရက်တွင် မုန်းထော်၊ မုန်းထ၊ ဇန်နဝါရီလ ၂၀ ရက်၌ ဝမ်ဆင်း၊ ဇန်နဝါရီလ ၂၃ ရက်တွင် နောင်လိုင်၊ ဖာတန်၊ ဇန်နဝါရီလ ၂၅ ရက်၌ မုန်းဟင်၊ မုန်းဟ၊ ဖေဖော်ဝါရီလ ၈ ရက်တွင် နမ့်စန်၊ ဖေဖော်ဝါရီလ ၉ ရက်တွင် မိုင်းပန်၊ ဇန်နဝါရီလ ၃၀ ရက်နှင့် ဖေဖော်ဝါရီလ ၁၀ ရက်တွင် တာချီလိတ် စသည့်နေရာများ၌ ကျင်းပခဲ့ကြသည်။

နယ်စပ်ဒေသ အထူးအုပ်ချုပ်ရေး အဖွဲ့ဝင်များအား ၁၉၉၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) တာဝန်အစည်းအဝေးခန်းမ၌ ခေါ်ယူတွေ့ဆုံ၍ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမောင်အေး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး) မိန့်ကြားသည့် သြဝါဒများကို ဗိုလ်မှူးကြီး သိန်းစိန် (ယခု အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်)က ရှင်းလင်းမှာကြားသည်။ ဆက်လက်၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး (ကွယ်လွန်)က မှာကြားသည်။ ယင်းနောက် ရက်တိုသင်တန်း တက်ရောက်ခဲ့ကြရာ သက်ဆိုင်ရာ ဝန်ကြီးဌာနအလိုက် ပို့ချပေးသည်။

ဇန်နဝါရီလ ၁၉ ရက်နေ့ နံနက် ၀၈၄၀ နာရီချိန် တပ်မတော်လေယာဉ်ဖြင့် ရန်ကုန်မှ နမ့်စန်သို့ ပို့ဆောင်ပေးသည်။ နမ့်စန်လေဆိပ်အရောက်၌ ဟိုမိန်း လက်နက်အပ်နှံပွဲအခမ်းအနားမှ ပြန်လာကြသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးတို့က နယ်မြေဒေသအခြေအနေနှင့် ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များကို ရှင်းလင်းမှာကြားသည်။ ဆက်လက်၍ လင်းခေးသို့ မော်တော်ယာဉ်များဖြင့် ပို့ပေးသည်။ လင်းခေး၌ရှိနေစဉ် ထိုနေ့ ညနေပိုင်း၌ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးသိန်းညွှန့် (ယခု ဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန)က ဟိုမိန်းဒေသ မြေပြင်လမ်းကြောင်းများ အခြေအနေ၊ ရိက္ခာ စုပုံထားရှိမှု အခြေအနေ၊ တတိယအဆင့် လက်နက်အပ်နှံရန် ကျန်ရှိနေသော အခြေအနေများကို ရှင်းလင်းမှာကြားပါသည်။

ဇန်နဝါရီလ ၂၀ ရက်နေ့ နံနက် ၁၁၂၀ နာရီချိန် စတင်ကာ လင်းခေးမှ ဟိုမိန်းသို့ ရဟတ်ယာဉ်များဖြင့် နှစ်သုတ်ခွဲ၍ ပို့ပေးသည်။ ပထမအခေါက် ခရီးစဉ်၌ စစ်ဗျူဟာမှူးကိုယ်တိုင် လိုက်ပါခဲ့၏။ ထိုနေ့ မွန်းတည့် ၁၂ နာရီအချိန် ဟိုမိန်းသို့ ရောက်ရှိခဲ့ကြရာ ရှေ့တန်းအမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ် ဒုတိယတပ်မမှူး ဗိုလ်မှူးကြီးမိုးဟိန်း (ယခု နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်း)၊ တပ်မတော်ထောက်လှမ်းရေးမှ ဒုတိယဗိုလ်မှူးကြီးစန်းပွင့် (ယခု တပ်မတော်ထောက်လှမ်းရေးဌာနချုပ်ရုံးမှ ဗိုလ်မှူးကြီး စန်းပွင့်)တို့မှ နယ်မြေအခြေအနေ အသေးစိတ်ကို ရှင်းလင်းမှာကြားပါသည်။

နိုင်ငံတော်အကြီးအကဲများနှင့် တာဝန်ရှိသူအဆင့်ဆင့်တို့၏ မှာကြားချက်တိုင်းတွင် မိမိတို့အဖွဲ့ လုပ်မှားကိုင်မှားကိစ္စရပ်များကြောင့် နိုင်ငံတော်အစိုးရအပေါ် အထင်အမြင်လွဲမှားမှုများ မဖြစ်ပေါ်စေရေး၊ အမြင်လေးမြင့်ဖြင့် အရာရာကို အနစ်နာခံ ဆောင်ရွက်ကြရေး အလေးပေးမှာကြားခဲ့ကြောင်း သတိပြုမိသည်။ ယုံကြည်စိတ်ချစွာ ရွေးချယ်တာဝန်ပေးစေလွှတ်သူများဖြစ်လင့်ကစား သားသမီးမကောင်း မိဘခေါင်းမို့ အထပ်ထပ်မှာကြားနိုင်ပါမှ တန်ကာကျမည်လေ။

တပ်မတော်သားတို့၏ ချွေးဖြင့်ရင်းသော စေတနာ

ကျွန်တော်တို့အဖွဲ့၏ ရန်ကုန်–ဟိုမိန်း ခရီးစဉ်သည် လေယာဉ်/ကား/ရဟတ်ယာဉ်များ အသုံးပြု ပို့ပေး၍ နှစ်ရက်သာ ကြာခဲ့သည်။ ရဟတ်ယာဉ်သာ မစောင့်ရလျှင် နေ့ချင်းပေါက်၏။ ဤသည်ကို ကြည့်၍ ဟိုမိန်းဒေသအတွက် အရာရာအဆင်ပြေ ချောမွေ့လှပါပကောဟု ထင်လျှင် မှားပါမည်။ ဒေသလိုအပ်ချက်အရ လူတွေကို အလျင်အမြန်ပို့လိုက်သော်လည်း အလျင်အမြန် ပို့မရတာတွေ အများကြီးရှိခဲ့သည်။ ဒေသအတွက် ရိက္ခာ ဆန်ဖြစ်၏။ နိုင်ငံတော်ရင်ငွေ့ကို ယုံကြည်စွာ ခိုလှုံလာကြပြီဆိုမှတော့ ရင်ဝယ်သားကဲ့သို့ စောင့်ရှောက်ရတော့မည်သာ။ သူတို့ခမျာ ဝင်ငွေ၊ လစာလည်း မရကြတော့ပြီမို့ ထိုင်းဆန်ကောကြီးတွေ ဝယ်မစားနိုင်တော့ပြီ။ သူတို့အတွက် ရိက္ခာ ဆန်ကို မည်သို့ သယ်ကြပါသနည်း။

ဆန်အိတ်ပေါင်းများစွာအတွက် ရဟတ်ယာဉ် မသုံးနိုင်၊ ကားလမ်းကလည်း သံလွင်ကမ်းခြေအထိ မပေါက်။ သည်တော့ လင်းခေးမှ ဝမ်စလောင်း၊ ဝမ်စလောင်းမှ တာစွက်တိန်း ကူးတို့ဆိပ်ထိ ကားနှင့်ပို့၊ တစ်ဖန် သံလွင်မြစ် ၁၂ မိုင်ခန့် စက်လှေသုံးစင်းဖြင့် ဆန်တက်၍ တာအွန်မှ ကူးတို့ဆိပ်ထိ ကဲ့ယူရသည်။ တာအွန်မှ ကူးတို့ဆိပ်အထိ ကားမဆင်းနိုင်သေး၊ ပွိုင့် ၃၇၇၅ သို့ ရဲဘော်များက ထမ်းတင်ရသည်။ တာအွန်မှ–ပွိုင့် ၃၇၇၅ အတက်လမ်းသည် ပစ္စည်းမပါ လူချည်းသက်သက် တက်လျှင်တောင် လေး၊ ငါးနာရီကြာ၏။ အတက် မတ်စောက်၍ လျှာထွက်မတတ် မောသည်။ ဤခရီးကို ဆန်အိတ် ကျောပိုး၍ လူးလာခေါက်တုံ့ ထမ်းတင်ပေးကြသော တပ်မတော်သားတို့၏ သဒ္ဓါတရားနှင့် စေတနာကား အံ့မခန်းဖြစ်ခဲ့သည်။ ဆန်အိတ်ပေါင်းများစွာ၊ အခေါက်ပေါင်းများစွာ၊ ရက်ပေါင်းများစွာ။ ထိုမှ ဟိုမိန်းသို့ ကားဖြင့် သယ်ယူကြရသည်။

ဟိုမိန်းနိဒါန်း

၁၉၉၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့။ ဟိုမိန်းသို့ ရောက်လျှင်ရောက်ချင်း ပထမဆုံးတွေ့ရသော မြင်ကွင်းမှာ နေရပ်သို့ပြန်မည့် အမ်တီအေတပ်ဖွဲ့ဝင်များအား လဝကမှ ယာယီမှတ်ပုံတင် ပြုလုပ်ပေးနေခြင်းဖြစ်သည်။ လူပေါင်း ရာထောင်ချီ၍ ကြိတ်ကြိတ်တိုးနေကြသည်။ လူသစ်စုထားသည့် ဘုစုခရု ကလေးအရွယ်တွေလည်း ပါသည်။ တချို့က အိမ်ပြန်ရတော့မည်မို့ ပျော်နေကြသည်။ အမေ မိဘတွေနှင့် တွေ့ရတော့မည်။ သက်ဆိုင်ရာက ရေလမ်း၊ ကုန်းလမ်း ခွဲဝေစီစဉ်ပေးသည့်အပြင် ရဟတ်ယာဉ်များကိုပါ အသုံးပြု၍ ပို့ပေးခဲ့သည်။

အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် ရဝတ(ရယက)များ ဖွဲ့စည်းရေး၊ တရားဥပဒေ စိုးမိုးရေး၊ စာသင်ကျောင်းများ၊ ဆေးရုံ/ဆေးပေးခန်းများ ဖွင့်လှစ်ရေး၊ လိုအပ်သော စားရင်းဇယားများ ကောက်ယူရေးတို့ကို ဦးစားပေးအဆင့်အလိုက် တာဝန်ခွဲဝေဆောင်ရွက်ခဲ့ကြသည်။ ဟိုမိန်းမြို့ပေါ်၊ မယ်အော၊ ခိုလုံ၊ နောင်အော၊ နမ့်ကတ်၊ ဆန်ကန်၊ ဟွေယောင်း၊ မုန်းထော်/မုန်းထ စသည့် ဒေသများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ ကွင်းဆင်းလေ့လာ စာရင်းဇယားများ ကောက်ယူစုဆောင်း၍ လုပ်ငန်းစီမံချက်များ တင်ပြခဲ့သည်။ အချိန်တိုအတွင်း ကျောင်းများ၊ ဆေးရုံ/ဆေးခန်းများ ဖွင့်လှစ်နိုင်ခဲ့၏။ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များကို တဖြည်းဖြည်းချင်း စည်းရုံးဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတော် အကြီးအကဲများကလည်း တင်ပြချက်များအပေါ် အချိန်မီ ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်ချည်းသာ။ ဆရာဝန်၊ သူနာပြု၊ ဆေးဝါးများကို ရဟတ်ယာဉ်ဖြင့် ပို့ပေးသည်။ မြေပြင်လမ်းကြောင်းမှ လက်တွန်းထွန်စက်များ၊ ၂၀၃ စပါးမျိုးများ၊ ဓာတ်မြေဩဇာများ၊ စိုက်ပျိုးရေးဝန်ထမ်းများ ဖြည့်တင်းပေးသည်။ စိုက်ပျိုးရေးအကြောင်း ပြောရလျှင် KNPP တစ်ဖြစ်လဲ အမ်တီအေတပ်ဖွဲ့ဝင်ဟောင်း ကိုခင်မောင်ကို သတိရမိသည်။ နတလက ထွန်စက်တွေ၊ ဓာတ်မြေဩဇာတွေ၊ မျိုးစပါးတွေ ပို့လာချိန်၌ ဟိုမိန်း၏ လက်ရှိအနေအထားအရ အားမနာတမ်း ပြောကြကြေးဆိုလျှင် မျောက်လက်ထဲ အုန်းသီးရသလို ဖြစ်နေ၏။

ဟိုမိန်းတွင် လယ်သမားမရှိ၊ စပါးစိုက်စားသူ ရှားသည်။ အရောင်းအဝယ်သမားတွေ များသည်။ မြေလွတ်တွေကို သွားရင်းလာရင်း ကျွန်တော် မြင်နေသည်။ ဘိန်းတန်းသယ်သော၊ စစ်ဆင်ရေးလုပ်ရာတွင် အသုံးပြုသော လား၊ မြင်းများအတွက် စားကျက်မြေများဖြစ်သည်။ ယခင်က မည်သူမျှ မတို့မထိရဲကြ၊ ယခု ပိုင်ရှင်မဲ့ဖြစ်နေပြီ။ ကိုခင်မောင်က ဖယ်ခုံဘက်၌ရှိစဉ် လယ်လုပ်ခဲ့ဖူးသူဖြစ်၏။ ကိုင်း–ဟောဒီမြေ လေးကေလောက်ကို ခင်ဗျားယူ။ ရော့–ဒီမှာ စပါးမျိုး၊ ဟောဒီမှာ လက်တွန်းထွန်စက်၊ စက်မောင်းတာ၊ ကိုင်တာ မပူနဲ့၊ သင်ပေးမယ်။ အချိန်တန်ရင် ကြဲပက်ဖို့ ဓာတ်မြေဩဇာ အဆင်သင့်ရှိတယ်။ ပျိုးခင်း စလုပ်ကတည်းက ထွန်စက်များ ပေးသုံးလိုက်သည်။ တစ်ရက်ပင် မသင်ရ၊ ထယ်သွားထွန်သွား ဖြုတ်လဲတာကအစ အကုန်တတ်သွား၏။ လွိုင်ကော်ခွင်၌ စစ်ဆင်ရေးဝင်ရောက်ခဲ့စဉ် ခင်မောင်ဆိုတာက နာမည်တစ်လုံးနှင့် နေခဲ့သူပဲလေ။ ခပ်ညံ့ညံ့လူမဟုတ်၊ ပျိုးပင်ရပြီး စိုက်ချိန်တန်၍ ထယ်ရေးထွန်းရေး ပြင်သောအခါ တစ်ညလုံး မအိပ်ဘဲ စက်ကို အနားပေးလိုက်၊ ထွန်လိုက်နှင့် မိုးလင်းသည့်တိုင် လုပ်နေ၍ တားယူခဲ့ရသည်။

စပါးစိုက်သည့်နေ့တွင် ကောက်စိုက်တတ်သူ လုပ်အားပေးအမျိုးသမီး ၃၀၀ ခန့် လယ်ထဲတွင် ရောက်နေသဖြင့် တပ်မမှူး ဗိုလ်မှူးချုပ်ခင်မောင် (ယခု ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)က အံ့သြနေသည်။ ဦးခွန်ဆာ လက်ထက်က (WASS) အမျိုးသမီးအဖွဲ့ဝင်များနှင့် ကျွန်တော်တို့ အုပ်ချုပ်ရေးအဖွဲ့သည် ၁၉၉၆ ခုနှစ် ဟိုမိန်းသကြၤန်ကို ပျော်ရွှင်စွာ ပူးပေါင်းဆင်နွှဲခဲ့ကြသည်။ ဤစည်းရုံးရေး အကျိုးဆက်ကနောင် ဘာပဲလုပ်လုပ် သူတို့အကူအညီ သူတို့အင်အားကို ရခဲ့သည်။ ကျောင်းဖွင့်ပွဲလုပ်မလား ခြိမ့်ခြိမ့်သဲသဲ၊ ဆေးခန်းဖွင့်ပွဲလုပ်မလား လက်ကုန်နွှဲ၍ စည်စည်ကားကား အမြဲဖြစ်ခဲ့သည်။ ဤကဲ့သို့ ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် အမှတ်(၂၀၃) စပါးမျိုး စံပြစိုက်ခင်းများသည် တစ်ဧကတင်း ၁၀၀ ခန့်ထွက်ခဲ့၏။ ထိုနှစ်က စပါးတင်း လေးငါးရာရလိုက်သော လူပျိုကြီး ကိုခင်မောင်တစ်ယောက် အိမ်ထောင်ပြုဖြစ်၊ မပြုဖြစ်ဆိုသည်ကိုမူ ကျွန်တော် မေးခွင့်မရလိုက်ပါ။ ယနေ့တိုင် ပြန်မဆုံတော့၍ ဖြစ်သည်။ ။

ဇလွန်မြို့ မစိုးရိမ်ကျောင်းတိုက် သဲအင်းဂူတရားစခန်းကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

ဇလွန်မြို့ မစိုးရိမ်ကျောင်းတိုက် ပြည်တော်ပြန်မြတ်စွာဘုရားကြီးအနီး သဲအင်းဂူရိပ်သာအမှတ်စဉ်(၂၅)တွင် အဓိဋ္ဌာန်ခုနစ်ရက်တရားစခန်း ကျင်းပမည်ဖြစ်ရာ သီတင်းကျွတ်လဆန်း ၁၀ ရက်မှ လပြည့်ကျော် ၁ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းပွဲတွင် ကျေးဇူးတော်ရှင် (မူလ) သဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တပည့်ရင်းဆရာ ဦးမောင်ကြည်(ပန်းတနော်)က သဲအင်းဂူ ခန္ဓာကိုယ်တွေ့ဝိပဿနာတရားတော်မြတ်ကို ဟောကြားပြသမည်ဖြစ်သည်။(က-ပ)

စက်မှုဇုန်အား ခေတ်ကျော်လွှား

သက်ရွယ်စုံညီလူ့ဘောင်ဆီသို့

Towards a Society for All Ages

နွဲ့နွဲ့ကြည်(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အတွက် သတ်မှတ်ထားသော ဆောင်ပုဒ်ဖြစ်သည်။ ၁၉၉၉ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနှစ်အဖြစ်လည်းကောင်း၊ အောက်တိုဘာလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အဖြစ်လည်းကောင်း၊ ကုလသမဂ္ဂအထွေထွေညီလာခံ၏ (၅၂)ကြိမ်မြောက် ညီလာခံက အတည်ပြုဆုံးဖြတ်ချက်နှင့် (၃၅)ကြိမ်မြောက် လူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကော်မရှင်တို့၏ ထောက်ခံချက်အရ ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကောင်စီမှ ၁၉၉၇ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။

၂၁ ရာစုတွင် လူ့သက်တမ်းပိုရှည်လာပြီဖြစ်၍ လူ့အဖွဲ့အစည်းတွင် သက်ကြီးရွယ်အိုများ ပိုမိုတိုးပွားလာလျက်ရှိသည်။ ယခင်ကလို လူငယ်လူရွယ်များပြီး သက်ကြီးရွယ်အိုနည်းပါးမနေဘဲ အသက်အရွယ်စုံစုံ၊ အချိုးအစားအရေအတွက် ညီညီမျှမျှဖြင့် အတူယှဉ်တွဲနေကြသည့် လူ့ဘောင်ဖြစ်လာပေပြီ။ ဂျပန်နိုင်ငံတွင် သက်ကြီးရွယ်အို လူဦးရေတိုးတက်များပြားလာပြီး နိုင်ငံသား ငါးဦးလျှင် တစ်ဦးမှာ အသက် ၆၅နှစ်အထက်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံတွင် လူဦးရေ၏ သုံးပုံတစ်ပုံခန့်မှာ သက်ကြီးရွယ်အိုများဖြစ်ပြီး အခြားသော အာရှနိုင်ငံများတွင်လည်း သက်ကြီးရွယ်အိုများ ပိုမိုတိုးပွားလာလျက်ရှိသည်ဟု လေ့လာသိရှိရသည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် သက်ကြီးရွယ်အိုများအတွက် အားတက်စရာပင်ဖြစ်တော့သည်။ ငါအသက်ကြီးလာပြီ၊ အိုလာပြီဆိုပြီး အားငယ်စရာမလိုတော့ပေ။ သက်ကြီးရွယ်အိုများအတွက် ကောင်းမွန်သော ဘဝကိုဖန်တီးပေးလျက်ရှိနေကြသည်။ သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို နိုင်ငံတိုင်းလိုလိုတွင် ဆောင်ရွက်ပေးလျက်ရှိနေသည်။ အချို့နိုင်ငံများတွင် သက်ကြီးရွယ်အိုများအတွက် ကုသိုလ်ဖြစ် စောင့်ရှောက်ရေး လုပ်ငန်းများသာမက ဝန်ဆောင်မှုလုပ်ငန်းများအဖြစ်ပင် ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာမှုနယ်ပယ်တွင် အိုမင်းမစွမ်းဆိုသော အသုံးအနှုန်းရှိသည်နှင့်အညီ အသက်အရွယ် ကြီးရင့်လာသောအခါ ကာယ၊ ဉာဏ အဘက်ဘက်မှ စွမ်းဆောင်နိုင်မှု လျော့ပါးကျဆင်းသွားပြီး စိတ်ဓာတ်ပိုင်းအရလည်း အားလျှော့လာတတ်သည်။ ထိုအခါ ပျိုရွယ်သန်စွမ်းသူများက သက်ကြီးရွယ်အိုများကို အားပေးကူညီဖို့ လိုအပ်ပေသည်။ ရုပ်ပိုင်းရော စိတ်ဓာတ်ပိုင်းအရ ကြီးရင့်သူ၏ဂုဏ်သိက္ခာ ပေါ်လွင်အောင် ဝိုင်းဝန်းမြှင့်တင်ပေးသင့်သည်။ မြန်မာလူမျိုးတို့၏ ဓလေ့ထုံးတမ်းအရ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနားဆိုသော ဆိုရိုးစကားနှင့်အညီ အသက်အရွယ်ကြီးသူ လူကြီးသူမတို့ကို ရိုသေလေးစားစွာ အလုပ်အကျွေးပြုတတ်ကြသည်။ ဤသို့အရွယ်အားဖြင့် ရိုသေထိုက်သူကို ရိုသေခြင်း၊ မိမိကိုယ်ကို နှိမ့်ချဆက်ဆံခြင်းတို့သည် မင်္ဂလာတရားနှင့်အညီ ကျင့်ကြံနေထိုင်ခြင်းဖြစ်ပြီး မြန်မာလူမျိုးတို့အတွက် ဂုဏ်ယူစရာ အလေ့အထကောင်းများပင်ဖြစ်သည်။ အသက်အရွယ်ကြီးရင့်သူတို့ကို ငယ်ရွယ်သူတို့က သံယောဇဉ် အနွေးဓာတ်ပေးပြီး ဖေးမစောင့်ရှောက်သင့်သည်။ ဤသို့စောင့်ရှောက်ခြင်းဖြင့် သူတို့ကို လူ့အဖွဲ့အစည်းနှင့် ရင်အုပ်မကွာ လိုက်ပါစေပြီး သူတို့ထံမှ လေးနက်တည်ကြည်သော အသိအလိမ္မာ၊ ဉာဏ်ပညာများကို မျိုးဆက်သစ်တို့က အမွေဆက်ခံရယူနိုင်သည်။ တစ်ဦးအပေါ်တစ်ဦးနားလည်မှုရှိလာပြီး မျိုးဆက်ကွာဟမှုလည်း ကျဉ်းကျုံ့သွားမည်ဖြစ်သည်။ ရှေ့မျိုးဆက်နှင့် နောက်မျိုးဆက် လက်တွဲညီညီ အဆက်အစပ်ရှိရှိဖြင့် ယဉ်ကျေးသည့် လူ့ကမ္ဘာကိုလည်း အခိုင်အမာ တည်ဆောက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အို စောင့်ရှောက်မှုလုပ်ငန်းများကို လူမှုရေးအဖွဲ့အစည်းများက ကုသိုလ်ဖြစ် ပရဟိတလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် အဘိုးအဘွားရိပ်သာဂေဟာများကို စုစည်းဦးဆောင်၍ အသိအမှတ်ပြုပြီး ထောက်ပံ့ပေးလျက်ရှိရာ အဘိုးအဘွားရိပ်သာ ၃၉ ခုရှိကြောင်း သိရသည်။ အဘိုးအဘွားများအတွက် ဆန်၊ ငွေကြေးနှင့် ဆေးဝါးပစ္စည်းများ လှူဒါန်းထောက်ပံ့လျက်ရှိသည်။ လူမှုဝန်ထမ်းဦးစီးဌာနကကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အခမ်းအနားကို ၁၉၉၉ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပလျက်ရှိသည်။ အထိမ်းအမှတ်နေ့အကြို လှုပ်ရှားမှုအဖြစ် အဘိုးအဘွားရိပ်သာများကို ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်း၊ ဆေးဝါးများထောက်ပံ့ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးပြီး အဘိုးအဘွားများထဲမှ အသက်အရွယ်အကြီးဆုံးနှင့် ဂုဏ်ပြုထိုက်သူ အဘိုးအဘွားများအား အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့တွင် ထူးထူးခြားခြား ဂုဏ်ပြုကန်တော့ကြသည်။ အခြားသော လူမှုရေးအသင်းအဖွဲ့များကလည်း သက်ကြီး အဘိုးအဘွားများကို ပြုစုစောင့်ရှောက်လျက်ရှိရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို ၁၉၉၈ ခုနှစ်မှစ၍ အသင်းအဆင့်ဆင့်မှ ဆောင်ရွက်ရန် စီမံချက်ချမှတ်ခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ အသင်းအဆင့်ဆင့်မှ ရပ်ကွက်များအတွင်းရှိ အဘိုးအဘွားများကို ရှာဖွေစုဆောင်း၍ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ ဆေးဝါးများလှူဒါန်းခြင်း၊ အာဟာရကျွေးမွေးခြင်း၊ ငွေကြေးထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ပေးပြီး မျက်စိအတွင်းတိမ်ရောဂါရှိသော အဘိုးအဘွားများအား အာရုံတော်ဝင် အထူးကုဆေးခန်းတွင် အခမဲ့ခွဲစိတ်ကုသမှုများကို ဆောင်ရွက်ခြင်းနှင့် သွားကျန်းမာရေး ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အခြားသော လူမှုရေးအသင်းအဖွဲ့များဖြစ်သည့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ လက်အောက်ရှိ ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ သက်ကြီးအဘိုးအဘွားများ ကန်တော့ခြင်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ သက်ကြီးစာပေပညာရှင်များ ကန်တော့ခြင်းနှင့် မြန်မာနိုင်ငံအမျိုးသမီးဆရာဝန်အသင်းတို့မှ သက်ကြီးဆရာဝန်များ ကန်တော့ခြင်းတို့ကိုလည်း သတင်းစာများတွင် ဖတ်သိရသဖြင့် မြန်မာလူမျိုးတို့၏ အလေ့အထကောင်းများဖြစ်ပြီး အဘိုးအဘွားများကို မမေ့မလျော့ရှိတတ်သည်ကို သက်သေပြနေခြင်းပင်ဖြစ်သည်။

မြန်မာလူနေမှုစနစ်တွင် အဘိုးအဘွား၊ မိခင်၊ ဖခင်နှင့် သားသမီး၊ မြေးမြစ်တို့ လက်ပွန်းတတီး ချစ်ချစ်ခင်ခင် နေထိုင်သော အလေ့အထသည် အခြားသောနိုင်ငံနှင့် လူမျိုးတို့၏ လူနေမှုစနစ်ထက် သာလွန်သည့်အချက်ဖြစ်သည်။ မြန်မာနှစ်သစ်ကူးချိန်နှင့် သီတင်းဝါလကင်းလွတ်သည့် သီတင်းကျွတ်လများတွင် မိသားစုဆွေမျိုး အသိုင်းအဝိုင်းအတွင်း ကြီးသူကိုငယ်သူက ရိုသေစွာကန်တော့လေ့ရှိကြသည်။ အသက်ကြီးသူ ဂုဏ်ကြီးသူကို အလေးထားသည့် အစဉ်အလာတစ်ခုဖြစ်သည်။ ယခုအခါ ကမ္ဘာကပါ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ဟု တလေးတစား ဖော်ထုတ်လာသည့်အခါ မြန်မာဓလေ့ထုံးတမ်းနှင့် တိုက်ဆိုင်ညီညွတ်သဖြင့် ဝမ်းမြောက်ဂုဏ်ယူစရာပင်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ သက်ကြီးရွယ်အိုများဘဝ၏ ကျန်ရှိနေသောခရီးကို သိက္ခာရှိရှိ ငြိမ်းငြိမ်းချမ်းချမ်း ဖြတ်သန်းနိုင်ကြစေရန် လူငယ်လူရွယ်များတွင် ဖြည့်ဆည်းပေးရမည့် တာဝန်ရှိနေပြီး ကောင်းမွန်မြင့်မြတ်သည့် လူ့ဘောင်ကို ဆက်လက်ချီတက်ရာတွင် အဘိုးအဘွား၊ လူငယ်လူရွယ် စုံစုံညီညီ ပါဝင်ကြရမည် ဖြစ်ပါတော့သည်။ ။

သိက္ခာထပ်၊ရှင်ပြုအလှူတော်နှင့် ကထိန်ကံဆောင်မင်္ဂလာကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

ပဲခူးတိုင်း ဖြူးမြို့နယ် ဇေယျဝတီမြို့ ဓမ္မာရုံကျောင်းတိုက်၌ ဇေယျဝတီမြို့ အောင်မင်္ဂလာရပ်ကွက်နေ ဦးမြင့်လွင်-ဒေါ်မြင့်မြင့်စန်းတို့၏ ဆရာတော် ဘဒ္ဒန္တသောဘဏ (ဓမ္မာစရိယ B.A) ကို သိက္ခာထပ်ခြင်း၊ သားရှင်ပြုခြင်း အလှူတော်နှင့် ကထိန်ကံဆောင်အလှူတော်မင်္ဂလာကို သီတင်းကျွတ်လပြည့်ကျော်(၂)ရက် (အောက်တိုဘာ ၁၂ရက်)တွင် ကျင်းပမည်ဖြစ်သည်။

ယင်းအလှူတော်မင်္ဂလာပွဲ၌ ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တသောဘဏ(ဓမ္မာစရိယ B.A)က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဟုသိရသည်။ (က-ပ)

(၁၇၇)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲ ဆုမဲ(၂၀၁၂၉)ဆုဖွင့်လှစ်မည်

ရန်ကုန် စက်တင်ဘာ ၂၉

(၁၇၇)ကြိမ်မြောက် ငွေကျပ်(၅၀)တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောက်တိုဘာ ၁ ရက် (ဗုဒ္ဓဟူးနေ့)တွင် အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ် (၃၈၄) မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ နံနက် ၉ နာရီမှ စတင်၍ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

ငွေကျပ်(၅၀)တန် ထီ(၁၇၇)ကြိမ်မြောက်တွင် အက္ခရာ ၃၇ လုံး၊ ထီစာအုပ် ၃၀၂၇၂၆၆ အုပ်ကို ထီထိုးသူများ ကံစမ်းနိုင်စေရန်အတွက် ထုတ်ဝေရောင်းချခဲ့ရာ ကုန်စင်အောင် ရောင်းချခဲ့ရသဖြင့် ဆုတန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း(၃၀၀) ဆုတစ်ဆု၊ ငွေကျပ်သိန်း(၅၀)ဆု ၃၁ဆု၊ ငွေကျပ် (၂၅)သိန်း ဆု ၁၃ ဆု၊ ငွေကျပ်ခြောက်သိန်းဆု ၆၈၄ ဆု၊ ငွေကျပ်ငါးသိန်းဆု နှစ်ဆု၊ ငွေကျပ်လေးသိန်းဆု လေးဆု၊ ငွေကျပ်နှစ်သိန်း ဆု ၁၉ဆု၊ ငွေကျပ်တစ်သိန်းဆု၁၇၁ ဆု၊ ငွေကျပ်ရှစ်သောင်းဆု ၂၄ ဆု၊ ငွေကျပ် ငါးသောင်းဆု ၁၇၁၀ ဆု၊ ငွေကျပ်လေးသောင်းဆု ၄၇ဆု၊ ငွေကျပ်နှစ်သောင်း ဆု ၃၂၃ဆု၊ ငွေကျပ် တစ်သောင်းဆု ၁၇၁၀၀ ဆု စုစုပေါင်း ၂၀၁၂၉ဆု ဖြစ်သည်။

(၁၇၇)ကြိမ်မြောက် ငွေကျပ်(၅၀)တန် ထီပေါက်သည့် ကံထူးရှင်များအား ဆုငွေထုတ်ပေးခြင်းကို အောက်တိုဘာ ၈ ရက်မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ဆုငွေကျပ် ငါးသိန်းနှင့်အောက် ဆုငွေများကို ကိုယ်စားလှယ်လွှဲစာဖြင့် အောင်ဘာလေသိန်းဆု ဌာနခွဲတွင် လျှောက်ထားတင်ပြပြီး လာရောက်ထုတ်ယူနိုင်သည်။ (သတင်းစဉ်)

သီဟရတနာစာပေ အမှတ် ၁၀၀(D) အင်းလျားလမ်း ကမာရွတ်မြို့နယ်မှ ထုတ်ဝေလိုက်သည့် ကျော်ဝင်း၏ "လူများ၊ ဖြစ်ရပ်များနှင့် တူရူချက်များ"(နိုင်ငံတကာအိုင်ဒီယာမိတ်ဆက်) စာအုပ်မျက်နှာဖုံး။ (က-ပ)

တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းများနှင့်အဖြေများ စာအုပ်ထုတ်ဝေ

ရန်ကုန် စက်တင်ဘာ ၂၉

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ စာစစ်အဖွဲ့မှ ၂၀၀၃ခုနှစ် ပြည်နယ်နှင့် တိုင်းများတွင် စစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ၏ မေးခွန်းများနှင့် အဖြေများ (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ)စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

(အပေါ်ယာပုံ)

အဆိုပါစာအုပ်အား ဦးခင်မောင်စိန် လက်ထောက်အတွင်းရေးမှူး မြန်မာနိုင်ငံ စာစစ်အဖွဲ့ လသာလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၉၇၅သို့ ဆက်သွယ်မှာကြားနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၉-၂၀၀၃ (အင်္ဂါနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြပဟန်ဂီတသံ
- **၄:၂၅** ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၄၅** ၇။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
  - (က) ပထမနှစ် (ဘောဂဗေဒ)
  - (ခ) ပထမနှစ် (အင်္ဂလိပ်စာ)
- **၅:၃၀** ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်း ကြိုးပမ်းစို့
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း နေခြည်ဆမ်းတဲ့ ချစ်ပန်းဝတ်ရည် (အပိုင်း-၂၀)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
  - ၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
  - ၂၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း (၃၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ ဂုဏ်ပြုဇာတ်လမ်း အဖြူရင့်ရောင်ဆောင်းရာသီ အပိုင်း(၂) ဒါရိုက်တာညွှန့်မြန်မာညီညီအောင် သရုပ်ဆောင်-နိုင်းနိုင်း၊ စိုးမြတ်နန္ဒာ၊ မျိုးသန္တာထွန်း**
  - ၂၁။ သင့်အတွက်မနက်ဖြန်
  - ၂၂။ အပိတ်နှုတ်ဆက်စကား
  - ၂၃။ ပြီးပါပြီ။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

* **သုတေသနမှ**
သစ်သီးဝလံသုတေသနရှာဖွေတွေ့ရှိချက်များကို စိုက်ပျိုးထုတ်လုပ်သူများထံ အရောက်ပေးပို့နိုင်ခြင်းဖြင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို ဈေးကွက်သို့ ရာသီမရွေး ပေါပေါများများ ထုတ်လုပ်တင်ပို့နိုင်မှာဖြစ်ကြောင်း၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးသူများ အပါအဝင် စားသုံးသူ ပြည်သူများက ယုံကြည်အားကိုးသော သုတေသန ဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်အောင် အားထုတ်ကြိုးပမ်းကြစေလိုကြောင်း။

သုတေသနပညာရှင်များ၏ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများကို အခြေခံ၍ စူးစမ်းအားထည့် လုပ်ကိုင်လိုက်မည်ဆိုပါက ယခုထက် အရည်အသွေး ပိုမိုကောင်းမွန်ပြီး အရေအတွက်ပိုမိုထွက်ရှိမည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးအမျိုးအစားများ ထွက်ပေါ်လာမှာ သေချာကြောင်း အားပေးစကား ပြောကြားသည်။

ခာတ်ခွဲခန်းများကြည့်ရှု

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဟင်းသီးဟင်းရွက် သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာနရှိ ဟင်းသီးဟင်းရွက် ဓာတ်ခွဲခန်း၊ သစ်သီးဝလံဓာတ်ခွဲခန်းနှင့် အပင်တစ်ရှူး ဓာတ်ခွဲခန်းတို့၌ ဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းများ၊ အပင်တစ်သျှူး မွေးမြူခြင်းနှင့် မျိုးပွားခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ သုတေသနနှင့် ဖွံ့ဖြိုးရေး ဗဟိုဌာနကို ၁၉၈၆ခုနှစ်တွင် စတင်ထူထောင်ခဲ့ပြီး ဒေသအလိုက် စိုက်ပျိုးလျက်ရှိသည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံမျိုးများကို စုဆောင်း၍ လည်းကောင်း၊ ပြည်ပမှ မျိုးများ တင်သွင်းစမ်းသပ်ခြင်းဖြင့်လည်းကောင်း၊ မျိုးကောင်းများ ရွေးချယ်ထုတ်လုပ်ခြင်း၊ အရည်အသွေး အဆင့်အတန်း မြင့်မားသည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံမျိုးများကို မွေးမြူပွားများ ထုတ်လုပ်ခြင်း၊ သီးနှံအလိုက် မှန်ကန်သည့် စိုက်ပျိုးထုတ်လုပ်မှုနည်းစနစ်များကို ဖော်ထုတ်၍ ဖြန့်ဖြူးပေးခြင်းတို့ကို ပြုလုပ်လျက်ရှိသည်။

စီးပွားဖြစ်ဖြန့်ဖြူး

ယခုအခါ သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာနသည် ဒူးရင်း၊ ကြက်မောက်၊ သရက်တို့ကို ကိုင်းကူး၊ ကိုင်းဆက်နည်းဖြင့် မျိုးပွားများခြင်းလုပ်ငန်းကို တွင်ကျယ်စွာ ဆောင်ရွက်ပေးနိုင်ပြီး တစ်သျှူးမျိုးပွားနည်းဖြင့် အရွယ်ညီပြီး ရောဂါကင်းသည့် ငှက်ပျော၊ နာနတ်၊ ရှားစောင်းလက်ပပ်၊ ချင်း၊ စတော်ဘယ်ရီ၊ သစ်ခွ စသည်တို့ကို စီးပွားဖြစ် ဖြန့်ဖြူးပေးနိုင်ပြီဖြစ်သည်။ တစ်သျှူးမျိုးပွားနည်းဖြင့် ဆီအုန်းပင်ထုတ်လုပ်မှုကို စမ်းသပ်နေဆဲဖြစ်သည်။

ထို့ပြင် ဗဟိုဌာနသည် ဟင်းသီးဟင်းရွက် မျိုးကောင်း မျိုးစေ့များနှင့် မျိုးကောင်းမျိုးစေ့အသစ်များကို ထုတ်လုပ်ပေးလျက်ရှိပြီး စပ်မျိုးထုတ်လုပ်မှုကို စမ်းသပ်နေဆဲဖြစ်သည်။ စိုက်ပျိုးမှုနည်းစနစ်သစ်များ ရှာဖွေ၍ အောက်မြန်မာပြည်၌ ကြက်သွန်နီ၊ ဂေါ်ဖီတို့ကို စိုက်ပျိုးနိုင်ရန် စီစဉ်လျက်ရှိသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လှည်းကူးမြို့နယ် ဇရပ်ကွင်းစံပြ ကျေးရွာအနီးရှိ ဗဟိုစိုက်ပျိုးရေး သုတေသနနှင့် လေ့ကျင့်ပညာပေးဌာနသို့ ညနေ ၃နာရီ မိနစ် ၂၀တွင် ရောက်ရှိကြသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား အစည်းအဝေးခန်းမ၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဒေါက်တာမြသွင်က ဗဟိုစိုက်ပျိုးရေး သုတေသနနှင့် လေ့ကျင့်ပညာပေးဌာနသမိုင်း ဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းများနှင့် သင်တန်းဆိုင်ရာ လုပ်ငန်းများ အကြောင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဗဟိုစိုက်ပျိုးရေး သုတေသနဌာနရှိ Soil Science Laboratory၊ Plant Protection Laboratory၊ Plant Tissue Culture Laboratory နှင့် Research Achievement Show Room တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အထွေထွေ မန်နေဂျာများဖြစ်ကြသည့် ဒေါက်တာမြသွင်နှင့် ဦးမျိုးညွန့်တို့က လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ ဗဟိုစိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့်ပညာပေးဌာနသည် သုတေသနလုပ်ငန်းများအဖြစ် ဥယျာဉ်ခြံသီးနှံ သုတေသန၊ မှန်လုံအိမ်နှင့် စိုက်ကွင်းသုတေသန၊ မြေဆီလွှာသုတေသန၊ သီးနှံကာကွယ်ရေး သုတေသနနှင့် စိုက်ကွင်းသုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး သင်တန်းဆိုင်ရာ လုပ်ငန်းများအဖြစ် စီမံခန့်ခွဲရေးနှင့် နည်းပညာဆိုင်ရာသင်တန်း၊ လုပ်ငန်းဝင်အကြိုသင်တန်း၊ ဘာသာရပ်ဆိုင်ရာ အထူးသင်တန်းများနှင့် ကာလတိုသင်တန်းများ၊ အပြည်ပြည်ဆိုင်ရာသင်တန်းများနှင့် အလုပ်ရုံ ဆွေးနွေးပွဲများကို ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် မင်္ဂလာဒုံမြို့နယ် ကျိုက္ကလို့ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန၏ စက်ရုံနယ်မြေ ကျိုက္ကလို့သို့ ရောက်ရှိကြရာ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက အမှတ်(၄) လယ်ယာသုံးစက်ကိရိယာ ထုပ်လုပ်ရေးစက်ရုံ၏ ကုန်ထုတ်လုပ်မှုအခြေအနေများကို လှည့်လည်ရှင်းလင်း ပြသကြသည်။ အဆိုပါ စက်ရုံမှာ လယ်ယာ ၁၆ လက်တွန်းထွန်စက်များအတွက် ဂီယာအုံနှင့် ရုပ်အမျိုးမျိုးကို ထုတ်လုပ်ပေးလျက်ရှိသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် အမှတ်(၃) လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိပြီး လက်တွန်းထွန်စက်များအတွက် ရေတိုင်ကီ၊ ဆီတိုင်ကီ၊ ဒစ်ဗို၊ Air Cleaner၊ Exhaust Silencer စသည့် အစိတ်အပိုင်းများ ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)သည် အမှတ်(၁) ပင်မစက်ပြင်အလုပ်ရုံသို့ ရောက်ရှိပြီး စက်ရုံ၌ လက်တွန်းထွန်စက်များ တပ်ဆင်နေမှု၊ ကြံဖြတ်စက်နှင့် ဒိုက်မှော်ဖြတ်စက်များ တီထွင်ထုတ်လုပ်ထားမှု၊ ကုန်းမြင့် လယ်ယာမြေလုပ်ငန်း၌ အသုံးပြုနိုင်သည့် ဒိဇာအငယ်စားများ တီထွင်ထုတ်လုပ်မှုတို့ကို အသေးစိတ် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက်အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများအား သွင်းကုန်အစားထိုးနိုင်သည့် အရည်အသွေးမြင့်မားသော လယ်ယာသုံးစက်ကိရိယာများ တိုးချဲ့ထုတ်လုပ်နေမှုအပေါ် အားပေးစကားပြောကြားပြီး စက်ရုံနယ်မြေမှ ညနေပိုင်းတွင် ပြန်လည် ထွက်ခွာသွားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီး ရေးရာကော်မတီ၊ အားကစား ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် အမျိုးသမီး များနှင့် အားကစားဆိုင်ရာ အမျိုးသားအဆင့် ဆွေးနွေးပွဲ နောက်ဆုံးနေ့သို့ တက်ရောက်၍ နိဂုံးချုပ် အမှာစကားပြောကြား စဉ်။ (သတင်းစဉ်)

ရွှေပြည်သာမြို့ မြသိန်းတန် ခုနစ်ရက်တရားစခန်း

ရန်ကုန် စက်တင်ဘာ ၂၉

ရွှေပြည်သာမြို့နယ် အုတ်ဖို မြသိန်းတန် ဓမ္မရိပ်သာ (၃၆)ကြိမ်မြောက် ဝိပဿနာ ခုနစ်ရက် တရားစခန်းကို အောက်တိုဘာ ၃ရက် နံနက် ၈နာရီတွင် ဖွင့်လှစ်၍ မဟာသံဃာရ ဆရာတော် ဦးကုမာရ၏ မေတ္တာရိပ်၌ လယ်တီ အနာဂါမ် ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ် နာယက မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်း၏တပည့် ဆရာ ဦးသန်းထွန်း(ကျိုက်လတ်) ဦးစီး၍ ဆရာတော်၊ ဆရာ၊ ဆရာမများက အနီးကပ်ညွှန်ကြားပြသမည်ဖြစ်ရာ မည်သူမဆို တရားကျင့်နိုင်ပြီး လှူဒါန်းနိုင်၍ ယောဂီများအား စခန်းဖွင့်မည့်နေ့ နံနက် ၇ နာရီတွင် မင်္ဂလာဇျူဟာ အသင်းချုပ်မှ ရွှေပြည်သာတရားစခန်းသို့ ကားဖြင့် အခမဲ့ ပို့ဆောင်ပေးမည်ဟု သိရသည်။ (က-ပ)

အမျိုးသမီးများနှင့် အားကစားဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပပြီးစီး

ရန်ကုန် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးကော်မတီ၊ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအမျိုးသမီးအားကစား အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် အမျိုးသမီးများနှင့် အားကစားဆိုင်ရာ အမျိုးသားအဆင့်ဆွေးနွေးပွဲ နောက်ဆုံးနေ့ အစီအစဉ်များကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၌ ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

တက်ရောက်

ဆွေးနွေးပွဲသို့ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီဝင်နှင့် လုပ်ငန်းကော်မတီဝင်၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက အဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကကြီးများ ဦးဆောင်အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ခင်သန်းနွဲ့၊ ဒေါ်ခင်လေးသက်၊ ဒေါ်သန်းသန်းနွဲ့၊ ဒေါ်ခင်ခင်ဝင်းနှင့် ဦးဆောင်နာယက အဖွဲ့ဝင်များ၊ နာယကများ၊ အဝေးရောက် နာယကများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီဝင်နှင့် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီဝင်နှင့် လုပ်ငန်းကော်မတီ ဝင်များ၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းအမှုဆောင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ် အမှုဆောင်များ၊ အမျိုးသမီးများနှင့် အားကစားဆိုင်ရာ အမျိုးသား အဆင့်ဆွေးနွေးပွဲကျင်းပရေး လုပ်ငန်း ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် ဆွေးနွေးပွဲဆိုင်ရာ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဝိုင်းဝန်းဆွေးနွေး

ဆွေးနွေးပွဲအစီအစဉ်အရ "အမျိုးသမီးထု ကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားအဆင့်အတန်း တိုးတက်ရေး" ခေါင်းစဉ်နှင့် "ထူးချွန်ထက်မြက်သော နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အမျိုးသမီး အားကစားသမားများ တိုးတက်ထွက်ပေါ်ရေး" ခေါင်းစဉ်တို့ဖြင့် အုပ်စုလေးစုဖွဲ့၍ အုပ်စုအလိုက် ဝိုင်းဝန်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲအစီအစဉ်များကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးအယ်လ်အောင်ဒင်က ဆောင်ရွက်ပြီး တွဲဖက်သဘာပတိအဖြစ် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၁) ပါမောက္ခ ဒေါက်တာ ဒေါ်မြမြက ဆောင်ရွက်သည်။

ထို့နောက် အုပ်စုအလိုက် ဆွေးနွေးတင်ပြချက်များကို အုပ်စုကိုယ်စားလှယ်များက ပြန်လည်တင်ပြကြရာ အုပ်စု(၁)အတွက် တင်ပြချက်များကို ဒေါက်တာတင်ထွန်းဦးကလည်းကောင်း၊ အုပ်စု(၂)အတွက် တင်ပြချက်များကို ဒေါက်တာညွှန့်ညွှန့်ဦးကလည်းကောင်း၊ အုပ်စု(၃)အတွက် တင်ပြချက်များကို ပါမောက္ခ ဒေါ်ကြည်ကြည်လှက လည်းကောင်း၊ အုပ်စု(၄)အတွက် တင်ပြချက်များကို အထက(၂)လသာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုံးမြင့်က လည်းကောင်း တင်ပြကြသည်။

ယင်းတင်ပြချက်များအပေါ် ဆွေးနွေးပွဲ တက်ရောက်လာကြသူများက ဝိုင်းဝန်း အကြံပြုဆွေးနွေးကြပြီး သဘာပတိနှင့် တွဲဖက်သဘာပတိတို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ဆက်လက်၍ မြန်မာ့အားကစား အောင်မြင်မှုများကို ဗီဒီယိုဖြင့် ပြသသည်။

တင်ပြ

ယင်းနောက် အမျိုးသမီးများနှင့် အားကစားဆိုင်ရာ အမျိုးသားအဆင့် ဆွေးနွေးပွဲမှ ရရှိသော အကြံပြုချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို အတွင်းရေးမှူးများအဖွဲ့က တင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

တော်ဖလာနှင့် စကားစမြည် ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၉

မျက်မှောက်ခေတ် ကမ္ဘာ၏ အတွေ့အကြုံ အတွေးအမြင်များဆိုင်ရာ စာစုများကို ကျော်ဝင်းပြန်ဆိုသည့် "တော်ဖလာနှင့် စကားစမြည်"စာအုပ်ကို နန်းဒေဝီစာပေ ၂၀၁/၁၅ ဒု(ထပ်) ပန်းဆိုးတန်းလမ်း(လယ်) ကျောက်တံတားမြို့နယ် ရန်ကုန် ဖုန်း-၂၄၅၂၂၄ က တန်ဖိုးကျပ် ၅၀၀ဖြင့် ဖြန့်ချိလိုက်သည်။ **(ယာပုံ)** (က-ပ)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်

ကချင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် စက်တင်ဘာ ၂၅ရက်တွင် ကချင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက်စက်တင်ဘာ ၂၅ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်ဖြင့် မြစ်ကြီးနားမြို့မှ ထွက်ခွာခဲ့ကြပြီး မိုးကောင်းမြို့၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ မိုးစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုများနှင့် မိုးကောင်းတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မြစ်ကြီးနားခရိုင် မိုးညှင်းမြို့သို့ နံနက် ၈နာရီတွင် ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန မိုးညှင်းအစိုးရ စက်မှုလက်မှုသိပ္ပံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်သည် မိုးညှင်းအစိုးရစက်မှုလက်မှုသိပ္ပံ တည်ဆောက်ရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

မိုးညှင်းဒီဂရီကောလိပ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ ပညာရေးဝန်ကြီးဌာန မိုးညှင်းဒီဂရီကောလိပ် ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မိုးညှင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား မိုးညှင်းမြို့ စိမ်းလဲ့ရတနာ ခန်းမ၌ တွေ့ဆုံရာ အခမ်းအနားသို့ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ မိုးကောင်းတပ်နယ်မှ ဗိုလ်မှူးချုပ်မင်းသိန်းနှင့် တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

ပေါင်းစပ်ညှိနှိုင်း

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများက စည်းစည်းလုံးလုံး တက်တက်ကြွကြွဖြင့် ညီညွတ်စွာပူးပေါင်းပါဝင် ဆောင်ရွက်ကြရေး မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ မိုးညှင်းမြို့နယ်တွင် ယခုနှစ်၌ မိုးစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးမှုသည် ရာခိုင်နှုန်းပြည့် စိုက်ပျိုးထားပြီး ဖြစ်ကြောင်းသိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် အဖွဲ့ဝင်များနှင့်အတူ ရဟတ်ယာဉ်ဖြင့် မိုးညှင်းမြို့မှ ဆက်လက်ထွက်ခွာလာပြီး ဟိုပင်မြို့ ဖွံ့ဖြိုးစည်ပင်မှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဟိုပင်မြို့မှ မြစ်ကြီးနားမြို့နယ် ဆင်ဘိုမြို့သို့ ဒေသဖွံ့ဖြိုးရေးလမ်းပေါက်နိုင်မည့် အခြေအနေများနှင့် သစ်တောများ ထိန်းသိမ်းထားရှိမှုတို့ကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။



ဆင်ဘိုမြို့သို့ရောက်ရှိ

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် နံနက် ၁၀နာရီ ၁၀မိနစ်တွင် မြစ်ကြီးနားမြို့နယ် ဆင်ဘိုမြို့သို့ ရောက်ရှိကြရာ တပ်မတော်အရာရှိကြီးများနှင့် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ပြည်နယ် အုပ်ချုပ်ရေးမှူး ဦးရဲမြင့်နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဆင်ဘိုမြို့၌ တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား ဆင်ဘိုမြို့ အခြေခံပညာ အထက်တန်းကျောင်း ခန်းမ၌ တွေ့ဆုံသည်။

ဒေသဖွံ့ဖြိုးရေး

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပြန်လည်ရှင်းလင်း ဆွေးနွေးမှာကြားရာတွင် ယခင်က ဆင်ဘိုမြို့နှင့် ပတ်ဝန်းကျင်မှ ပြည်သူများသည်ရေလမ်းကိုသာအဓိကအားထားသွားလာနေရကြောင်း၊ ယခင်က ငြိမ်းချမ်းမှုမရှိခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုများ များစွာနောက်ကျခဲ့ရသော်လည်း မိမိတို့ တာဝန်ယူသည့်ကာလ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေသည်ကို ပြည်သူများအနေဖြင့် သိရှိပြီးဖြစ်ကြောင်း၊ ဆင်ဘိုမြို့နှင့် ပတ်ဝန်းကျင်ဒေသများ သွားလာမှုလွယ်ကူရေးအတွက် လမ်းများဖောက်လုပ်ပြီး နေရာအနှံ့ အလွယ်တကူ ကုန်စည် ကူးသန်းသွားလာပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆင်ဘိုမြို့နှင့် ကျေးရွာပြည်သူများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် မိမိတို့၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီကြရန်မှာကြားသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် ဒေါ့ဖုန်းယန်မြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး ဒေါ့ဖုန်းယန်မြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးမှူးရုံး၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ဗန်းမော်ခရိုင် အုပ်ချုပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို တင်ပြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ဒေသ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးရေးအတွက် အားလုံးက တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် ရှင်းလင်းမှာကြားသည်။

ဗန်းမော်ဒီဂရီကောလိပ်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ရဟတ်ယာဉ်ဖြင့် ဒေါ့ဖုန်းယန်မြို့မှ ဆက်လက်ထွက်ခွာလာပြီး ဗန်းမော်ဒီဂရီကောလိပ်တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ဗန်းမော်မြို့မှ ဆက်လက်ထွက်ခွာခဲ့ပြီး မန္တလေး–တကောင်း–ဗန်းမော်–မြစ်ကြီးနားလမ်းမကြီးပေါ်ရှိ ဆင်ခမ်းတံတားတည်ဆောက်ရေး စီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များ မှာကြားပြီး တံတားတည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ သတ်မှတ်ချိန်တွင် ပြီးစီးရေး၊ စံချိန်၊ စံညွှန်းပြည့်မီရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

အဆိုပါ ဆင်ခမ်းတံတားသည် အရှည်ပေ ၄၆၀ရှိမည်ဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၂၈ပေနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီရှိမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မန္တလေးမြို့သို့ ရောက်ရှိကြသည်။

စက်တင်ဘာ ၂၆ရက်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မြန်မာ့လေကြောင်းဖြင့် မန္တလေးမြို့မှ ထွက်ခွာလာရာ နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ (သတင်းစဉ်)

မိုးညှင်းအစိုးရစက်မှုလက်မှုသိပ္ပံ တည်ဆောက်နေမှုကို တွေ့ရစဉ်။
(သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့် မန္တလေး–တကောင်း–ဗန်းမော်–မြစ်ကြီးနား လမ်းမကြီးပေါ်ရှိ ဆင်ခမ်းတံတား တည်ဆောက်မှုလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်းအား အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန တွဲဖက်အတွင်းဝန်တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၂၉

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းအား ရန်ကုန်မြို့တွင် ရောက်ရှိနေသည့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန တွဲဖက်အတွင်းဝန် မစ္စတာ ပရီရာဒါရှိတာခါနှင့်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် အိန္ဒိယသံရုံးမှ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ညနေ ၃နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန တွဲဖက်အတွင်းဝန် မစ္စတာ ပရီရာဒါရှိတာခါ ဦးဆောင်သော ည့်သည် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၃၀ရက် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပမည့် မြန်မာ–အိန္ဒိယနှစ်နိုင်ငံအကြား ကောင်စစ်ရေးရာနှင့် ဘဏ္ဍာရေး ကိစ္စရပ်များဆိုင်ရာ ဆွေးနွေးပွဲသို့ တက်ရောက်ရန်အတွက် ရောက်ရှိလာကြခြင်းဖြစ်သည်။

(သတင်းစဉ်)

ဝိပဿနာတရား အဓိဋ္ဌာန်စခန်း

ရန်ကုန် စက်တင်ဘာ ၂၉

ကျေးဇူးတော်ရှင် သဲအင်းဂူ ဆရာတော်ကြီး၏ သားတပည့်ရင်းဖြစ်တော်မူသော တောင်ဥက္ကလာပမြို့နယ် အမှတ်(၄)ဝိုင်း သဲအင်းဂူဓမ္မရောင်ခြည် ကမ္မဋ္ဌာန်းကျောင်းတိုက် ပဓာနနာယက ဆရာတော် အရှင်ပဏ္ဍာဝံ အရှင်သူမြတ်သည် အပါယ်လွတ်မြောက် နိဗ္ဗာန်ရောက်ခန္ဓာကိုယ်တွေ့ ဝိပဿနာ တရားအဓိဋ္ဌာန်စခန်းကို တတိယအကြိမ်မြောက် သီတင်းကျွတ်လဆန်း ၉ရက် အောက်တိုဘာ ၄ရက်မှ သီတင်းကျွတ်လပြည့် အောက်တိုဘာ ၁၀ရက်ထိ ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်းဝင်ယောဂီတို့အား အကျိုးတော်ဆောင်အဖွဲ့က ကျွေးမွေးလှူဒါန်းမည်ဖြစ်၍ အဓိဋ္ဌာန်စခန်းပွဲဝင်ရောက်ကြမည့် ဓမ္မမိတ်ဆွေတို့အား ကြိုတင်စာရင်းပေးသွင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀–၉–၂၀၀၃ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
– ကောင်းကင်ကနေမင်းကြီး ပမာ (မြထက်၊ ကေသီတိုး)
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၅ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၁၅ ၇။ နတ်သားတောရေလျှောင်တမံ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Grammar Made Easy.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everyday Use.
၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) (သတ္တဗေဒ)
၅:၁၅ ၆။ ၂၀၀၃ခုနှစ် ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် မဟာဂီတ (အခြေခံပညာ ၅–၁၀နှစ်) (အမျိုးသား၊အမျိုးသမီး)
၅:၃၀ ၇။ ခံစားနားဆင်တေးဇာတ်ဝင်
၅:၄၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ် –ကောင်းမြတ်စိတ်မှန်းသည်မြေပန်း (သီရိကိုကို၊ ရွှေရည်သိန်းတန်)
၆:၃၀ ၉။ ညနေခင်းသတင်း
၇:၀၀ ၁၀။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၁။ Milo Success In Soccer.
၇:၁၀ ၁၂။ ဘဝနိဂုံးပြုံးပန်းတစ်ရာ
၇:၃၀ ၁၃။ **ပြေးခုန်ပစ်အားကစားမယ် ယှဉ်ယှဉ်နိုင်နှင့်တွေ့ဆုံမေးမြန်းခန်း –နိုင်ငံတော်အင်အား(နှင်းနုနိုင်)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ ဟိုတယ်ချစ်သူ (အပိုင်း–၁၉)**
၁၉။ Calcio Series A Highlight.
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ကံမြင့်ကျောင်းတိုက် ဓမ္မာရုံတရားပွဲ

ရန်ကုန် စက်တင်ဘာ ၂၉

စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် အရှင်သုမင်္ဂလ မဟာဓမ္မာစရိယ(ကျမ်းပြု) နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)က နိဗ္ဗာန်ရောက်ကြောင်း တရားဒေသနာများကို အောက်တိုဘာ၃ရက်၊ (သောကြာနေ့) ညနေ ၃နာရီတွင် ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

၂၀၀၃ခုနှစ်တွင် ပုလဲလုံးရေတစ်သိန်းခွဲနှင့် ၂၀၀၄ခုနှစ်တွင် နှစ်သိန်းဖော်ထုတ်မည့် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းက ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၉

တနင်္သာရီတိုင်း မြိတ်မြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် စက်တင်ဘာ ၂၆ရက် နံနက်ပိုင်းတွင် အမြန်ရေယာဉ်ဖြင့် ကျွန်းစုမြို့နယ် စခန်းသစ်ကျေးရွာသို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ ကျွန်းစုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ကျေးရွာ၏ တည်နေရာ၊ လူဦးရေ၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဘာသာရေးဆိုင်ရာများကို လည်းကောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများက လုပ်ငန်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်က ရွာသူ၊ ရွာသားများအား နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကား ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အမြန်ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြရာ ကန်မော်ကျေးရွာသို့ ရောက်ရှိကြသည်။

ထို့နောက် တိုင်းမှူးက ကျေးရွာပညာရေးအတွက် ငွေကျပ် ၁၅သိန်းနှင့် ကျောင်းသုံးဗလာစာအုပ် ဒါဇင် ၂၀၊ ကျန်းမာရေးအတွက် ငွေကျပ် ၁၀သိန်းတို့ကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အမြန်ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာကြရာ ဒိုမယ်ကျွန်းရှိ Myanmar Tasaki Co., Ltd. ပုလဲမွေးမြူထုတ်လုပ်ရေးသို့ ရောက်ရှိကြသည်။

Myanmar Tasaki Co.,Ltd. သည် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်နေသည့် မြန်မာ့ပုလဲများကို မွေးမြူထုတ်လုပ်နေသော ကုမ္ပဏီဖြစ်ပြီး မြန်မာနိုင်ငံ မြိတ်ကျွန်းစုများအတွင်းရှိ ဒိုမယ်ကျွန်းဧရိယာနှင့် လငန်းကျွန်းရေပြင်တို့၌ မုတ်ကောင်များအား ရေချမွေးမြူထားရှိသည်။ ကုမ္ပဏီအနေဖြင့် ပုလဲမွေးမြူ ထုတ်လုပ်ရန်အတွက် ၂၀၀၃ခုနှစ် မုတ်ကောင်သားဖောက်ရာသီတွင် (၂၃)ကြိမ်အထိ သားဖောက်ခဲ့ပြီး သားပေါက်ကောင်ရေ စုစုပေါင်းကောင်ရေ ၃၃သိန်း ၆သောင်းတို့အား ဒိုမယ်ကျွန်းရေပြင်နှင့် လငန်းကျွန်းရေပြင်တို့တွင် ရေချမွေးမြူခဲ့ကြောင်းနှင့် ၂၀၀၄ခုနှစ် သားဖောက်ရာသီအတွက် သားဖောက်ရန်(၂၅)ကြိမ်ခန့် သတ်မှတ်လျာထားကာ သားပေါက်ကောင်ရေ ၃၂သိန်း ၆ သောင်းကျော် မွေးထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အမြန်ရေယာဉ်ဖြင့် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတည်ရှိရာ ပုလဲကျွန်းသို့ ရောက်ကြသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း ဝတ်ဆံသွင်းခန်း၌ ဖော်ပြီးပုလဲများ၊ မုတ်ကောင် ဝတ်ဆံသွင်းခြင်း လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးကြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်တိုးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

အောင်မြင်ဖြစ်ထွန်း

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် ၁၉၉၅ ခုနှစ် ပုလဲဥပဒေ ထုတ်ပြန်စဉ်က နိုင်ငံတော် အကြီးအကဲ၏ နှစ်စဉ်ပုလဲလုံးရေ တစ်သိန်းထုတ်လုပ်ရေး လမ်းညွှန်ချက်ကို ခံယူလျက် ပုလဲလုံးရေ တစ်သိန်းထုတ်လုပ်ရေး စီမံချက်ကို ၂၀၀၄-၂၀၀၅ခုနှစ်တွင် အကောင်အထည်ဖော်ရန် ဖြစ်သော်လည်း မုတ်ကောင် သားဖောက်မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းခဲ့သဖြင့် သတ်မှတ်ကာလထက် နှစ်နှစ်စော၍ ၂၀၀၂-၂၀၀၃ ခုနှစ်မှာပင် ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ၂၀၀၃ခုနှစ်၌ ပုလဲလုံးရေ တစ်သိန်းခွဲခန့် ဖော်ယူနိုင်မည်ဖြစ်ပြီး ၂၀၀၄ခုနှစ်၌ ပုလဲလုံးရေ နှစ်သိန်းအထိ ဖော်ထုတ်နိုင်သွားမည်ဟု ခန့်မှန်းထားသဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေကို တိုးတက်ရရှိစေရန် မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အမြန်ရေယာဉ်ဖြင့် ဒိုမယ်ကျွန်းရှိ အပြည်ပြည်ဆိုင်ရာ ရေလုပ်ငန်း(တနင်္သာရီ) လီမိတက်၏ ပန်လုံးအော် အအေးခန်းနှင့် ရေခဲစက်ရုံသို့ရောက်ရှိကြပြီး စက်ရုံအတွင်း ရေငန်ပုစွန်ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးကြကာ ဒိုမယ်ကျွန်း ပန်လုံးအော်၌ ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

ကြည့်ရှု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တနင်္သာရီတိုင်း သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ပုလဲကျွန်းတွင် ကြည့်ရှုစဉ်။

(သတင်းစဉ်)

ဓေတ္တရာအသင်း ကထိန်သင်္ကန်းကပ်လှူမည်

ရန်ကုန် စက်တင်ဘာ ၂၉

ဓေတ္တရာအသင်း ရန်ကုန်မြို့(ပြည်၊ ရွှေတောင်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ သဲကုန်း၊ ပေါင်းတည်)က ကြီးမှူး၍ ရန်ကင်းမြို့နယ် ပဋ္ဌာနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက် ပဓာနနာယက ဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တေဇောဘာသ အမှူးပြုသော သံဃာတော်များအား ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲကို အောက်တိုဘာ ၁၉ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီခွဲတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက် ခတ်လှေကားအနီးရှိ ဓေတ္တရာအသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ ဦးသန်းထွန်း ဖုန်း-၃၇၄၅၃၁၊ ဦးဌေးအောင် ဖုန်း-၂၄၆၄၈၅၊ ၅၀၃၆၆၇၊ ဦးတင်ထွန်း ဖုန်း-၅၁၀၂၁၅၊ ဦးဘိုနီ ဖုန်း-၇၀၈၀၄၅၊ ဦးခင်မောင်ဘို ဖုန်း-၆၅၁၈၃၈နှင့် ဒေါ်ဝင်းဝင်း ဖုန်း-၂၁၂၇၁၅တို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

အနာဂတ်ကမ္ဘာတွင် ကြုံတွေ့လာရမည့် အဆင့်မြင့်သိပ္ပံပညာက လူသားများအပေါ် စိုးမိုးလာမှုများ၊ ချုကလီးယားလက်နက် နိုင်ငံကြီးများ၏ ဗိုလ်ကျစိုးမိုးလာမှု၊ ကမ္ဘာ့ဘာသာကြီးလေးရပ်၏ အထိန်းအကွပ်စသည်များကို စိတ်ကူးပုံဖော်ထားသည့် မြစ်ခွဲကိုးစင်းစာပေတိုက်ထုတ် အဲမွန်တာရာ၏ သက္ကရာဇ်များ၏ နရီစည်းဝါး သိပ္ပံဝတ္ထုရှည်စာအုပ် မျက်နှာဖုံး။ (အောက်ပုံ) (က-ပ)

ဘင်္ဂလားပင်လယ်အော်ကမ်းရိုးတန်းနှင့်...

ဘင်းမ်စတက်ဒေသဆိုင်ရာစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့ဖြင့် ဖွဲ့စည်းထားသော ဘင်းမ်စတက်ဒေသဆိုင်ရာ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့၏ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ကျွမ်းကျင်သူများ၊ နိုင်ငံကိုယ်စားလှယ်များ စတုတ္ထအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ ဂရင်းပလာဇာ ပတ်ရှိုင်ရယ်ဟိုတယ်၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ သတ္တုတွင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အစည်းအဝေးတွင် ပါဝင်ဆွေးနွေးကြမည့် စွမ်းအင်ကဏ္ဍကျွမ်းကျင်သူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရန်ကုန်မြို့ရှိ အဖွဲ့ဝင်နိုင်ငံ သံရုံးများမှ သံအမတ်ကြီးများနှင့် ဘင်းမ်စတက်ဒေသအဖွဲ့ဝင် နိုင်ငံများဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက အမှာစကားပြောကြားသည်။**(ဝဲပုံ)** ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အစည်းအဝေး သဘာပတိအဖြစ် စွမ်းအင်စီမံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်က ဆောင်ရွက်ပြီး ဘင်းမ်စတက်ဒေသတွင်း သဘာဝဓာတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရေး စီမံကိန်းအခြေအနေများကို ထိုင်းနိုင်ငံကိုယ်စားလှယ်က လည်းကောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖွံ့ဖြိုးမှု စီမံကိန်း အကောင်အထည်ဖော်မှု အခြေအနေများကို အိန္ဒိယနိုင်ငံ ကိုယ်စားလှယ်က လည်းကောင်း၊ ဆက်လက်အကောင်အထည်ဖော်မည့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး ရှေ့လုပ်ငန်းစဉ်များကို မြန်မာနိုင်ငံ ကိုယ်စားလှယ်များက လည်းကောင်း ညှိနှိုင်းဆွေးနွေးကြသည်။

အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းပြီး အစည်းအဝေးကို စက်တင်ဘာ ၃၀ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

မြောက်ဥက္ကလာပမြို့ အထက(၆) ရွှေပေါက်ကံ၏ မိဘဆရာအသင်း နှစ်ပတ်လည်နှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂၄ရက်က ကျင်းပရာ တက္ကသိုလ်ဝင်တန်း သုံးဘာသာဂုဏ်ထူးရှင် မဖြိုးမွန်ဆက်အား ကျောင်းအုပ်ဆရာကြီး ဦးစန်းဝင်းက ဆုချီးမြှင့်စဉ်။

(က-ပ)

အင်းလေးဖောင်တော်ဦးဘုရားလှည့်လည်ကြွချီအပူဇော်ခံရာ ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက လာရောက် ဖူးမြော်ပူဇော်ကြသည်ကို တွေ့ရစဉ်။ ဓာတ်ပုံမှတ်တမ်း–ရွှေအင်းသားခင်မောင်ဝင်း(ကြေးမုံ)

➪ ရှမ်းပြည်နယ်မှ

ဘုန်းတော်ကြီးကျောင်းများ၊ စာသင်တိုက်ကြီးများကိုကြည့်၍ သာသနာအမှန်ပင် ထွန်းကားလှကြောင်း သိနိုင်ပေသည်။

ကျော်စောထင်ရှား

ထိုသို့ များပြားလှသည့် စေတီပုထိုးများ ထဲတွင် ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးနန်းဟူးဌာနတွင် ထာဝရသီတင်းသုံးတော်မူသော ဖောင်တော်ဦးမြတ်စွာဘုရားသည် အထင်ကရကျော်စောထင်ရှားသော ဘုရားတစ်ဆူ ဖြစ်ပေသည်။

ကြေးမုံသတင်းအဖွဲ့သည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၏ အစီအစဉ်ဖြင့် လင်းခေးတံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခွင့်ရခဲ့သည်။ လင်းခေးတံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီးနောက်အင်းလေးဒေသသို့ဘုရားဖူးသွားရောက်ခွင့်ရခဲ့သည်။

ဘုရားသမိုင်း

ဖောင်တော်ဦးဘုရားသမိုင်းနှင့် ပတ်သက်၍ စာရေးသူ လေ့လာသိရှိခွင့်ရခဲ့သည်များကို စာဖတ်ပရိသတ်သို့ တင်ပြရပါလျှင် သက္ကရာဇ် ၄၇၄ခုနှစ်တွင် ပုဂံနေပြည်တော်ကြီး၌ ထီးနန်းစိုးစံတော်မူသော အလောင်းစည်သူမင်းကြီးသည် မဟာသမုဒ္ဒရာ၌ရှိသော ရတနာအမျိုးမျိုးတို့ကို ကြည့်ရှုတော်မူလိုသဖြင့် သင်္ဘနက်ဖောင်ယာဉ်စကြာဖြင့် မှူးမတ်ဗိုလ်ပါခြံရံလျက် ထွက်ခွာတော်မူသည်။

မင်းကြီးသည် ဖောင်ယာဉ်စကြာနှင့် ယမထာကြိမ်လုံး စကြာပိုင်ဆိုင်သော မင်းမြတ်တစ်ပါးဖြစ်သည်။ ထို့ကြောင့် သင်္ဘနက်ဖောင်စကြာဖြင့် သွားလိုရာအရပ်၌ လက်ညှိုးညွှန်ရာ ရေပြင်ဖြစ်ရလေသည်ဟူ၍ ဆိုရိုးစကား ထင်ရှားခဲ့သည်။

အလောင်းစည်သူမင်းကြီးသည် တိုင်းခန်းလှည့်လည်တော်မူရင်း မြင်းမိုရ်တောင်သို့သွားလိုသော စိတ်ဆန္ဒ ပြင်းပြလာသဖြင့် မြင်းမိုရ်တောင်သို့သွားရန် ဆုံးဖြတ်လိုက်သည်။

တာဝတိံသာနတ်ပြည်ကို အစိုးရသော သိကြားမင်းနှင့် မိဖုရားသုသိတာတို့က လူအိုခင်ပွန်းယောင် ဖန်ဆင်း၍ လောင်းလှေငယ်နှင့် စီးနင်းလှော်ခတ်ဟန်ကဲ့သို့ လှော်ခတ်လာလေသည်။ မင်းကြီးမြင်၍ မေးမြန်းခဲ့သည်မှာ "အကျွန်ုပ်တို့သမီး ခင်ပွန်းသည် တစ်ဆယ့်ငါးနှစ်အရွယ်ကပင် အိမ်ထောင်ပြု၍ မြင်းမိုရ်သို့ ရောက်ချင်သောအား ငါတို့သွားသည်။ ယခုမူကား မြင်းမိုရ်ငွေ့များမတွေ့ရပါ။ တို့သာမိုက်လှပေစွ။ မတွေ့ပါရ၊ မြေးမောင်လှတို့ မှတ်ရ" သူအိုစကားတည်း။

အလောင်းစည်သူမင်းကြီးသည် သူအိုပြောသည့်စကားကို မယုံကြည်ဘဲ ဆက်လက်သွားရန် ဆန္ဒပြင်းပြ နေပေသည်။ ထို့ကြောင့် ဖောင်ယာဉ်စကြာနှင့် သူအိုစီးနင်းသော လောင်းလှေငယ်တို့ ယှဉ်ပြိုင်ကြရာ သိကြားမင်း ဖန်ဆင်းသော လောင်းလှေငယ်က ပိုမိုမြန်ဆန်သောကြောင့် မင်းကြီးသွားဖို့ရန် အစီအစဉ်ကို ဖျက်သိမ်းလိုက်ရသည်။

ထို့နောက် အလောင်းစည်သူမင်းကြီးသည် ဇမ္ဗူသပြေ ပင်ရင်းသို့ ဆိုက်ရောက်တော်မူလေသည်။ ဇမ္ဗူသပြေ ပင်ရင်းသို့ ဆိုက်ရောက်သောအခါ ဗိုလ်ရှုသဘင် ခံယူတော်မူသည်။ ထိုအခါ ဟိမဝန္တာတောအရပ်မှလာသော ဘီလူးမသည် သားငယ်ကိုပိုက်၍ မြစ်ကမ်းနားကနေပြီး ကြည့်လေသည်။ ဘီလူးမသည် သားငယ်ကို လက်ကလွတ်၍ ရေသို့ကျလေသည်။ ဘီလူးမသည် ပြင်းထန်စွာ ငိုကြွေးလေသည်။ ထိုသို့ငိုကြွေးမြည်တမ်းသောအသံကို မင်းကြီးကြားတော်မူလေသော် ယမထာကြိမ်လုံးနှင့် ရေကိုပုတ်ခတ်လိုက်ရာ ရေစောင့်နတ်က သယ်ယူပေးအပ်သဖြင့် ဘီလူးမ ဝမ်းသာသွားသည်။ ထိုအခါ ဘီလူးမသည် မိမိနေရာ ဟိမဝန္တာတောသို့ ဝင်ရောက်ပြီး အနံ့မွှေးကြိုင်လှသော သရက္ခန်အစစ်ကို ဖြတ်ယူ၍ မင်းကြီးထံ ဆက်သလေသည်။

မြတ်ပေါင်းမဠုဘုရား

သိကြားမင်းကြီးသည် ကိုယ်ထင်ရှားပြသပြီး မင်းကြီးအား ဤသို့ဆိုလေ၏။ "မြတ်သောမင်းကြီး မြင်းမိုရ်တောင်သို့ မသွားခြင်းကား ကောင်းလှပါပေ၏။ ငါကား သိကြားတည်း။ မင်းကြီးအား သာသနာတော်အကျိုးကို ဆောင်ရွက်စေချင်သောကြောင့် မြင်းမိုရ်တောင်သို့ မသွားဖြစ်အောင် တားမြစ်ခြင်းဖြစ်ပေသည်။ သာသနာတော် တည်သမျှ လူသတ္တဝါ အပေါင်းတို့ ကိုးကွယ်စိမ့်သောငှာ သင်မင်းကြီးအား ဘုရားရုပ်တုတော်မြတ်ကို ငါပေးအပ်မည်"ဟုဆိုကာ မင်းကြီးထံ သရက္ခာန်အသားကိုတောင်းယူ၍ ရုပ်တုတော်မြတ်ငါးဆူကို ထုလုပ်ပြီး သီတဓာတ်တော်တစ်ဆူ၊ သရီယဓာတ်တော်မြတ်တစ်ဆူကို ထည့်သွင်းဌာပနာလေ၏။ သရက္ခန်အစ၊ သပြေအစ၊ ဗောဓိအစတို့ကို စုပေါင်း၍ စီရင်သောကြောင့် **မြတ်ပေါင်းမဠုဘုရား**ဟု ခေါ်ဝေါ်ခဲ့ပေသည်။ ထိုဘုရား၌ သီသမွေတော်တစ်ဆူ၊ နှလုံးတော်တစ်ဆူသွင်း၍ ဌာပနာလေသည်။

သရက္ခန်ရုပ်တုတော်မြတ် ငါးဆူနှင့် မြတ်ပေါင်းမဠု တစ်ဆူ၊ ရှင်ဖြူ–ရှင်လှ နှစ်ဆူပေါင်းဘုရားရုပ်တုတော်မြတ် ရှစ်ဆူကို သိကြားမင်း ထုလုပ်ဆက်သလေသည်။

သက္ကရာဇ် ၄၈၂ခုနှစ်တွင် အလောင်းစည်သူမင်းကြီးသည် တိုင်းခန်းလှည့်လည်တော်မူရာ အရှေ့တောင်ညိုတောင်တန်းကြီး၌ သာသနာတော်မြတ်ငါးထောင်အတွင်း သာသနာတော်ထွန်းကားသော အရပ်ဒေသဖြစ်လိမ့်မည်။ ဤတောင်၏အရှေ့ကား နောင်မဟာနာဂရပြည်ကြီး ဖြစ်ဖွယ်ရာရှိပေသည်။ ထို့ကြောင့် သရက္ခန်ရုပ်တုတော်မြတ်ငါးဆူကို ၎င်းအရပ်ဒေသ၌ တည်ဆောက်ဌာပနာပေးရန် သောတာပန် နတ်ကြီးက ဆိုတော်မူလေသည်။ မင်းကြီးကလည်း နတ်ကြီးဆိုသည့်အတိုင်း ရုပ်တုတော်မြတ် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထလေးဆူသော ဘုရားရဟန်းရုပ်တုတော်မြတ်ကိုပင့်ဆောင်၍ ဆင်ပေါ်တင်ကြလေသည်။

ဌာပနာတိုက်ဆောက်

အဖျားပိုင်း ပဉ္စမရုပ်တုတော်ကို ဆင်အတင်မခံသဖြင့် ၎င်းအရပ်သို့ ပို့ဆောင်ခြင်းမရှိ။ သရက္ခန်ရုပ်တုတော်မြတ်လေးဆူနှင့် မြတ်ပေါင်းမဠုတစ်ဆူကို ဆင်ပေါ်တင်၍ လွှတ်လေသည်။ ရုပ်တုတော် တင်ဆောင်လာသော ဆင်များကို အရှေ့တောင်ညိုအရပ်၌ လှည့်ပတ်ရင်းသန်းထောင်အရပ်၊ ဖောင်တော်ပေါက် တောင်ခြေရင်းသို့ ရောက်ရှိသည့်အခါ ဆင်များမည်သည့်အရပ်သို့မျှ မထွက်ခွာသဖြင့် ၎င်းအရပ်တွင်ပင် ဌာပနာတိုက်တည်ဆောက်ပြီး လိုဏ်ဂူသွင်းထားသည်။ မြတ်ပေါင်းမဠုဘုရားကို တင်ဆောင်လာသော ဆင်သည် တောင်အရပ်သို့ ထွက်ခွာလာရင်း မင်းကြီးကနန်းတော်သို့ ပြန်လည်ပင့်ဆောင်မည်ဟု ဆိုလေသည်။ ထိုအခါ သောတာပန်နတ်က ဆက်လက်ပြောကြားခဲ့သည်မှာ "မင်းမြတ် ဤရတနာမဠုဘုရားကို မဟာဂါမရွာ၌သာ အပ်နှံထားရှိရန်၊ မြတ်ပေါင်းမဠုဘုရားကို ဤမဟာဂါမရွာတွင် အပ်နှံထားတော်မူမှ နောင်သောအခါ သရက္ခန်ရုပ်တုတော်မြတ်နှင့် တစ်ပေါင်းတည်းရှိလာမည်"ဟု ဆိုတော်မူလေသည်။

နတ်ကြီးဆိုတော်မူသည့်အတိုင်း မဟာဂါမရွာကျောင်း၌ ဆရာတော် အရိယဓဇမ္မရာသီထံ အပ်နှံပေးပြီး မဟာဂါမရွာသူ၊ ရွာသားများနှင့်အတူ ရေစက်သွန်းချအမျှပေးဝေကြသည်။

သက္ကရာဇ်၇၂၁ခုနှစ် ညောင်ရွှေမြို့ စော်ဘွားကြီး စီဆိုင်ဖလက်ထက် သန်းထောင်အရပ်တွင် တစ်ခုသောနေရာ၌ ဘုရားရောင်ခြည်တော်များ ကွန့်မြူးနေသည်ကို ဖူးမြင်တွေ့ရှိကြသဖြင့် စော်ဘွားကြီးထံ သံတော်ဦးတင်ကြသည်။

ရှာဖွေတွေ့ရှိ

ထိုအခါ နယ်ရှင်စော်ဘွားများက မှူးတော်၊ မတ်တော်များ ခြံရံ၍ ထွက်တော်မူကာ မြက်ချုံနွယ်ပိတ်ပေါင်းတို့ကို ရှင်းလင်းခုတ်ထွင်စေပြီး ရှာဖွေကြရာ လိုဏ်ဂူအတွင်း၌ ဘုရားရုပ်တုတော်မြတ်လေးဆူကို တွေ့ရှိဖူးမြင်တော်မူခဲ့သည်။

သက္ကရာဇ် ၉၇၇ခုနှစ် ညောင်ရွှေမြို့၌ ဖွားစားစိုးစံတော်မူသော စော်ဘွားမစောင်နန်းပဲ လက်ထက်သို့ ရောက်သောအခါ ၎င်းမြို့တော်ကို ထိပါးတိုက်ခိုက်နှောင့်ယှက်ဖန်များသောကြောင့် ဗုဒ္ဓဘာသာရှမ်းမြန်မာတို့ အထွတ်အထိပ်ဖြစ်သည့် ယင်းရုပ်တုတော်မြတ်ကို စစ်ဘေး၊ စစ်ဒဏ်ရန် အန္တရာယ်ကင်းရှင်းရာဖြစ်သည့် ညောင်ရွှေမြို့နယ် ရွှေအင်းတိမ်ဘုရားကြီး၏ အရံစောင့်အသီတော်များနေရာရပ်ကွက်၌ ကျောင်းတော် ပြုပြင်ဆောက်လုပ်ပြီး ပင့်ယူပို့ဆောင်စေ၍ အနော်ရထာမင်း အပ်နှံထားသည့်အတိုင်း ၁၂ မှူမင်းရေးကိစ္စခပ်သိမ်း လွတ်ငြိမ်းချမ်းသာခွင့်ပေး၍ စောင့်ရှောက်ထိန်းသိမ်းရေးကိစ္စ ဆောင်ရွက်ဖွယ်အဝဝတို့ကို အမိန့်အာဏာများအပ်ပြီးလျှင် အထူးစောင့်ရှောက် စေတော်မူကြောင်း သိရပေသည်။

ရုပ်တုတော်မြတ်ငါးဆူအနက် ညောင်ရွှေစော်ဘွားကြီး အပ်နှံထားသော သရက္ခာန်ရုပ်ပွားတော်မြတ် လေးဆူနှင့် သက္ကရာဇ် ၄၈၂ ခုနှစ်တွင် အင်းတရိဘုရား အသီတော်ဖြစ်သော မဟာဂါမရွာကျောင်းတော်၌ နရပတိစည်သူမင်း အပ်နှင်းပေးထားသော မြတ်ပေါင်းမဠုဘုရား ရုပ်တုတော်မြတ်တစ်ဆူ ပေါင်းငါးဆူ ဖြစ်ပေသည်။

လေးဆူသာတွေ့ရှိ

ဒေသစာရီကြွချီတော်မူသည့် အပူဇော်ခံပွဲ၌ ငါးဆူလုံးပင့်ဆောင်ခဲ့ရာ ညောင်ရွှေမြို့သို့ အကြွ လင်းကင်းရွာအရှေ့ အင်းလယ်သို့အရောက် လေကြီးမိုးကြီးပြင်းထန်စွာ တိုက်ခတ်သဖြင့် ဘုရားလှေတော်နစ်မြုပ်၍ ရုပ်တုတော်မြတ် ငါးဆူအနက် လေးဆူသာရှာဖွေတွေ့ရှိသဖြင့် ပင့်ယူရရှိခဲ့သည်။

အဆိုပါ လက်ယာရံ ရဟန္တာတစ်ဆူမှာ ရှာဖွေစုံစမ်း၍ မရရှိဖြစ်ခဲ့သည်။ ဒေသစာရီကြွချီတော်မူပြီး ကျောင်းတော်ရောက်၍ ဂန္ဓကုဋိတိုက် ဖွင့်သောအခါမှသာ ဦးခေါင်းတော်တွင် မှော်များတင်လျက် ဖူးတွေ့ရကြောင်း၊ ၎င်းနောက် တစ်ဖန်ပင့်ဆောင်ယူပြန်လျှင်လည်း ရေ့နည်းမသွေမိုးလေသည်းထန်စွာရွာသွန်းတိုက်ခတ်ပြန်သဖြင့် ၎င်းရဟန္တာရုပ်တုတော်မြတ်တစ်ဆူကို ညတွင်းချင်း ကျောင်းတော်သို့ ပြန်လည်ပင့်ဆောင်သောအခါမှ မိုးစင်လေကင်း ချမ်းသာခြင်းဖြစ်ကြလေသည်။

ထူးခြားသည့် နိမိတ်နှင့် ပတ်သက်၍ ၁၃၂၈ခုနှစ် တော်သလင်းလကွယ်နေ့ နံနက် ၇နာရီအချိန် ကျောင်းတော် ပြသာဒ်ဦး ပလ္လင်တော်မှ စီးတော်လှေစံကျောင်း ပြာသာဒ် အတွင်းသို့ ပိန္နက်တင်၍ ကြွချီတော်မူရာ မိုးလေကင်းစင် နေသည့်ကြားမှ ညအချိန်ကဲ့သို့ မှောင်ကျသွားသည်။ ၈ နာရီခွဲကျရောက်မှ အလင်းရောင်ပြန်လည်တွေ့ရပြီး နေစကြာအလင်းရောင်ကို တွေ့မြင်ရလေသည်။ ၎င်းနိမိတ် ထူးခြားချက်ကို လူတိုင်းပင် အံ့သြရလေသည်။

ထိုနှစ်တွင် အင်းလေးဒေသ၌ ဘေးအန္တရာယ်အများအပြားတွေ့ရှိရ၍ ၁၃၂၉ခုနှစ်တွင် ဒေသစာရီ ကြွချီတော်မူရာ ဌာန တိုးမြှင့်ခြင်းမပြုဘဲ နေ့ရက်နှင့်အချိန်ကိုသာ ပြုပြင်ပေးခဲ့ကြောင်းသိရသည်။

သက္ကရာဇ် ၁၁၃၃ခုနှစ် ရွှေအင်းတိမ်ဘုရားကြီး၏ အရှေ့ဘက် မဟာဂါမရွာရှိ ဖောင်တော်ဦးကျောင်းတော်ကြီး မီးသင့်လောင်သဖြင့် ရွာကြီးဘန်းပုံအရပ်တွင် ကျောင်းတော်ဆောက်လုပ်၍ ရုပ်ပွားတော်မြတ်ငါးဆူကို ရွှေ့ပြောင်းပင့်ဆောင်ပြီး အသီတော်များက စောင့်ရှောက်ကြလေသည်။

ဖျက်သိမ်း

တစ်ဖန် ၁၂၄၃ခုနှစ်တွင် ရွာကြီးဘန်းပုံကျောင်းတော် ထပ်မံမီးလောင်ပြန်ရာ သာလေးကျေးရွာအုပ်စု နန်းဟူးရွာ၌ ကျောင်းတော်ကြီးဆောက်လုပ်၍ ထာဝရကျောင်းတော်ကြီးကို ၁၂၅၂ခုနှစ်တွင် တည်ဆောက်ပြီး ကိုးကွယ်လာခဲ့ကြသည်။ ၎င်းကျောင်းတော်ကြီးသည် ပျက်စီးယိုယွင်းမှု များပြားလာသဖြင့် ၁၃၁၃ခုနှစ်တွင် အထက်ပါကျောင်းတော်ကြီးကို ဖျက်သိမ်းလိုက်သည်။

ယခုတည်ရှိနေသော ကျောင်းတော်ကြီးကို ၁၃၁၄ခုနှစ်တွင် စတင်အုတ်မြစ်ချ၍ ကွန်ကရစ်တိုင်များဖြင့် တည်ဆောက်ကြပြီး ၁၃၁၇ခုနှစ်တွင် ကျောင်းတော်တက်ပွဲကို ကျင်းပခဲ့ပြီး ၁၃၁၈ခုနှစ်တွင် ကျောင်းတော်ကြီး၏ စေတီလုံးထိပ်ထီးတော်ကို အောင်မြင်စွာတပ်ဆင်နိုင်ခဲ့ကြောင်း သိရသည်။

ဘုရားပွဲတော်

ဘုရားပွဲတော်ကို ၁၃၆၅ခုနှစ် သီတင်းကျွတ်လဆန်း ၁ရက်နေ့မှစ၍ အင်းလေးဖောင်တော်ဦးဘုရား ဒေသစာရီကြွချီ အပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၂၆ရက်နေ့နံနက် ၄နာရီတွင် ဖောင်တော်ဦးကျောင်းတော်၌ အခမ်းအနားဖွင့်လှစ်ပြီး စက်တင်ဘာ ၂၆ရက်တွင် အင်းတိမ်ကြေးပေါ်ခုံကျောင်းတွင် ညကျိန်းကာ စက်တင်ဘာ ၂၇ရက်တွင် အင်းတိမ်စံကျောင်းတွင် နေ့ဆွမ်းဆက်ကပ်ခဲ့သည်။

စက်တင်ဘာလ ၂၇ရက်နှင့်၂၈ရက် ညတို့တွင် ဟဲယာရွာမကျောင်း၌ နှစ်ညကျိန်းပြီး စက်တင်ဘာ ၂၉ရက်တွင် ငါးဖယ်ချောင်းကျောင်းတွင် ညကျိန်းခဲ့သည်။ စက်တင်ဘာ ၃၀ရက်တွင် ကြေးစားကျောင်း၌ ညကျိန်းပြီး အောက်တိုဘာ ၁ရက်၌ ပွဲစားကုန်းကျောင်း၌ နေ့ဆွမ်းဆက်ကပ်မည်ဖြစ်သည်။ အောက်တိုဘာ ၁ရက်တွင် လင်းကင်းကျောင်း၌ ညကျိန်းစက်ပြီး အောက်တိုဘာ ၂၊ ၃၊ ၄ ရက် ညများတွင် ညောင်ရွှေမြို့ ကျောင်းတော်၌ ညကျိန်းမည်ဖြစ်ပေသည်။ အောက်တိုဘာ ၅ရက်တွင် နမ့်သဲကျောင်း၌ နေ့ဆွမ်းဆက်ကပ်ပြီး မိုင်းသောက်ကျောင်း၌ ညကျိန်းကာ အောက်တိုဘာ ၆ရက်တွင် သလဲဦးကျောင်း၌ ညကျိန်းမည်ဖြစ်သည်။ အောက်တိုဘာ ၇ရက်တွင် ကေလာ ကျောင်း၌ နေ့ဆွမ်းဆက်ကပ်ပြီး ယင်းနေ့ညတွင် ဇရပ်ကြီးကျောင်း၌ ညကျိန်းမည်ဖြစ်သည်။ အောက်တိုဘာ ၈ရက်တွင် ဘုရားပေါက်ကျောင်း၌ နေ့ဆွမ်းဆက်ကပ်ပြီး ယင်းနေ့ညတွင် နမ့်ပန်ကျောင်း၌ညကျိန်းမည်ဖြစ်သည်။ အောက်တိုဘာ ၉ရက်တွင် မန်ကျည်း ဆိပ်ကျောင်း၌ နေ့ဆွမ်းဆက်ကပ်ပြီး ယင်းနေ့ညတွင်ကျိန်းခမ်းကျောင်း၌ ညကျိန်းမည်ဖြစ်သည်။ အောက်တိုဘာ ၁၀ရက်တွင် မိုင်းမျိုးကျောင်းနှင့် အောက်တိုဘာ ၁၁ရက်တွင် နောင်တော်ကျောင်းတို့၌ ညကျိန်းမည်ဖြစ်သည်။

အောက်တိုဘာ ၁၂ရက်တွင် အင်းပေါ်ခုံကျောင်း၌ နေ့ဆွမ်းဆက်ကပ်ပြီး ယင်းနေ့ညတွင် ရေသာကျောင်း၌ ညကျိန်း၍ အောက်တိုဘာ ၁၃ရက်တွင် ဖောင်တော်ဦး ကျောင်းတော်ကြီး၌ ညကျိန်းမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအတွင်းရှိ ဗုဒ္ဓဘာသာဝင်များ ကြည်ညိုသဒ္ဓါပွားများဖူးမြော်နိုင်ကြရန်ရည်သန်၍ ရေးသားတင်ပြလိုက်ရပါသည်။ ။

(ကြေးမုံ)

ကရဝိက်ဖောင်တော်ယာဉ်

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် အင်းလေး–နန်းဟူးကျေးရွာတွင် အင်းလေးကန်အတွင်း ဒေသစာရီကြွချီလာသည့် ကရဝိက်ဖောင်တော်ယာဉ်ကို ဤသို့တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း–ရွှေအင်းသားခင်မောင်ဝင်း(ကြေးမုံ)



စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်း ပေါင်းကူးပေးသည့် ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင် တံတား

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအဆောက်အအုံများ

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံသူ နိုင်ငံသားများ ပညာရည် မြင့်မားရေးအပြင် ကျန်းမာကြံ့ခိုင်ရန်လည်း အထူးပင် လိုအပ်သည်။ ယခုအခါ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပိုမိုဆောင်ရွက် ပေးလာနိုင်သည်နှင့်အမျှ မိမိနိုင်ငံသူ နိုင်ငံသားများ၏ ပျမ်းမျှသက်တမ်းမှာ ပိုမိုတိုးတက်လာခဲ့ရာ ၁၉၈၃–၁၉၈၈ခုနှစ်အတွင်း မြန်မာနိုင်ငံသားများ၏ ပျမ်းမျှသက်တမ်းမှာ ၅၇ဒသမ၃နှစ်ဖြစ်ပြီး ၂၀၀၃ခုနှစ်တွင် ၆၂ဒသမ ၃နှစ်အထိ တိုးတက်လာကြောင်း တွေ့ရသည်။

အောက်ပုံတွင် စက်မှု(၁) ဝန်ကြီးဌာနမှ ပရိဗီမင်ဆေးဝါးထုတ်လုပ်သည့် စပီရူလိုင်နာ (ခေါ်) စိမ်းပြာရေညှိထွက်ရှိရာ ရေခါးအင်းကို တွေ့ရစဉ်။

ပြည်တွင်း၊ ပြည်ပ ဆက်သွယ်ရေးလုပ်ငန်းများကို ပိုမို တိုးချဲ့ဆောင်ရွက်ခဲ့သည့်နည်းတူ ခေတ်မီဆက်သွယ်ရေး နည်းပညာများကိုလည်း စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိရာ ဆယ်လူလာမိုဘိုင်းလ်ဖုန်း စနစ်ကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် တပ်ဆင်အသုံးပြုနိုင်ခဲ့ပြီဖြစ်သည်။ ပြည်ပဆက်သွယ်ရေးတွင်လည်း ဆက်သွယ်ရေးဂြိုဟ်တုစနစ်ဖြင့် လည်းကောင်း၊ ရေအောက် ကေဘယ်စနစ်ဖြင့် လည်းကောင်းဆက်သွယ် ဆောင်ရွက်လျက်ရှိပြီး၁၉၉၉ခုနှစ်မှစ၍ အင်တာနက် ဆက်သွယ်မှုကို ဆောင်ရွက်နိုင်ခဲ့သည်။



အပေါ်ပုံတွင် သန်လျင်ဂြိုဟ်တု ဆက်သွယ်ရေး မြေပြင်စခန်းကိုတွေ့ရမည်ဖြစ်သည်။

လမ်းမကြီးများနှင့် မြစ်ကူး၊ ချောင်းကူးတံတားကြီး၊ တံတားငယ်များသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံ အဆောက်အအုံများ ပင်ဖြစ်ရာ နိုင်ငံအနှံ့အပြား၌ လမ်းတံတားကွန်ရက်များ တည်ဆောက်ပေးခဲ့သည်။

အပေါ်ဆုံးပုံတွင် စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့ကိုပေါင်းကူးဆက်သွယ်တည်ဆောက်ထားသော ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတားကို တွေ့နိုင်သည်။

ကြေးမုံ

❍ အဆင့်မြင့်တန်းမှ

ရဝေဇင်(တံခွန်)၊ နောက်တန်းဆုရ ဋ္ဌေးအောင်(ကာကွယ်ရေး)၊ အလယ်တန်းဆုရ လွင်ဦး (ဘဏ္ဍာ/အခွန်)၊ ရှေ့တန်းဆုရ ကျော်သီဟ(တံခွန်)၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရ ကျော်သူရ(ဘဏ္ဍာ/အခွန်)တို့အား ဆုကြေးကျပ်နှစ်သောင်းစီ ချီးမြှင့်သည်။

ဆုဖလားပေးအပ်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အနိုင်ရဗိုလ်စွဲသွားသောဘဏ္ဍာ/အခွန်အသင်းအား ပထမဆုဖလားနှင့်အတူ ဆုကြေးကျပ်ငါးသိန်းကို ပေးအပ်ချီးမြှင့်သည်။

အနိုင်ရဗိုလ်စွဲသွားသော ဘဏ္ဍာ/အခွန်အသင်းအား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေတို့က ဂုဏ်ပြုဆုငွေကျပ် သုံးသိန်း ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ အောင်ပွဲရ ဘဏ္ဍာ/အခွန်အသင်းအား Bagan Cybertech နှင့် Maykha မှ ဦးရဲနိုင်ဝင်းက ဂုဏ်ပြုဆုငွေ ကျပ်ငါးသိန်းချီးမြှင့်သည်။

ဘဏ္ဍာ/အခွန်အသင်း – သုံးဂိုး။
(မျိုးလှိုင်ဝင်း၊
စိုးလင်းထွန်းနှင့်ရန်ပိုင် –တစ်ဂိုးစီ)
တံခွန်အသင်း – ဂိုးမရှိ။
အကောင်းဆုံးဆု – မျိုးလှိုင်ဝင်း။
(ဘဏ္ဍာ/အခွန်)
ဒိုင်လူကြီး ဦးသိန်းမြိုင်။

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းသည် ချန်ပီယံဘွဲ့ ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ရှိသမျှပညာ၊ သမ္မာ အကုန်ထုတ် ကစားခဲ့သလို တံခွန်အသင်းကလည်း အနိုင်ရရှိရေးအတွက် အနိုင်မခံအရှုံးမပေး စိတ်ဓာတ်ဖြင့် တက်ကုန်ရှက်စုံဖွင့် ကစားခဲ့ရာ ပွဲမှာ အကြိတ်အနယ်ရှိလှသည်။

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းက သမ္မာဖြင့်ပွဲကို ထိန်းကစားသော်လည်း လူငယ်အများစုဖြင့် ဖွဲ့စည်းထားသည့် တံခွန်အသင်းက အတင်းဝင်အတင်းထွက် ဖြင့် ဘဏ္ဍာ/အခွန်၏ ကစားကွက်ကို ချေဖျက်ကစားသကဲ့သို့ တိုက်စစ်ဆင်မှုများကိုလည်း ကြံကြံခံကာကွယ်ဖျက်ထုတ်ခဲ့၍ ဘဏ္ဍာ/အခွန်အသင်း ချန်ပီယံဘွဲ့ ထိန်းသိမ်းရန်အတော်ပင် ကြိုးစားခဲ့ရသည်။ ပွဲပြီးရန် ၁၅မိနစ်အလိုကျမှ ဘဏ္ဍာ/အခွန်အသင်း အနိုင်ဂိုးများ ရရှိကာ ချန်ပီယံဆုဖလားကြီးကို ထပ်မံဆွတ်ခူးခွင့်ရသွားခြင်းဖြစ်သည်။

ခက်ခက်ခဲခဲ

တံခွန်အသင်း၏ အဆင့်မြင့်တန်းသက်တမ်းနှစ်နှစ်ကျော်ကာလအတွင်း ဘဏ္ဍာ/အခွန်အသင်းနှင့် ယခုဗိုလ်လုပွဲအပါအဝင် သုံးကြိမ်တွေ့ဆုံဖူးရာ ဘဏ္ဍာ/အခွန်က နှစ်ကြိမ်နိုင်ပြီး တစ်ကြိမ် သရေကျခဲ့သည်။ သို့သော် အဆင့်မြင့်တန်းထိပ်သီး ဘဏ္ဍာ/အခွန်အသင်းမှာ တံခွန်အသင်းကို ပွဲတိုင်း ခက်ခက်ခဲခဲ ကစားခဲ့ရသည်။

ပထမပိုင်းတွင် ဘဏ္ဍာ/အခွန်က ပို၍ဖိကစားနိုင်သော်လည်းတံခွန်အသင်း ခံစစ်ကြောင်းကို လွယ်လွယ်နှင့် ဖြတ်ကျော်၍မရဖြစ်နေသည်။ ဘဏ္ဍာ/အခွန်အသင်း၏ ကန်သွင်းချက်မှာလည်း ဂိုးပေါက်နှင့် ကပ်လွဲနေ၍ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အဖို့ ဂိုးနှင့် လွဲနေသည်။ တံခွန်အသင်းက ရံဖန်ရံခါ တိုက်စစ်ဆင်ကစားနိုင်ပြီး ဘဏ္ဍာ/အခွန် ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ ဘဏ္ဍာ/အခွန်နောက်တန်းနှင့် ဂိုးသမားအောင်အောင်ဦးတို့ကလည်း အစွမ်းပြ ကာကွယ်ဖျက်ထုတ်နေ၍ ပထမပိုင်းတွင် ဂိုးမရှိ သရေဖြစ်နေသည်။

သုံးဂိုးပြတ်

ဒုတိယပိုင်းတွင် ဘဏ္ဍာ/အခွန်က အနိုင်ရရှိရေး တရစပ် ထိုးဖောက်ကစားလာရာ တံခွန်နောက်တန်းနှင့် ဂိုးသမားရဝေဇင်တို့ ကြိုးစားကာကွယ်နေကြသော်လည်း ပွဲချိန်ကြာလာသည်နှင့်အမျှ ခံစစ်ကြောင်းမှာ အနည်းငယ်ပေါက်ထွက်လာခဲ့သည်။ တံခွန်နောက်ခံလူများ ကာကွယ်နေသည့်ကြားမှပင် မိနစ် ၃၀တွင် အသင်းခေါင်းဆောင် မျိုးလှိုင်ဝင်းက ရန်ပိုင်ပေးသော ဘောလုံးကို အဖွင့်ဂိုးအဖြစ်သွင်းယူသည်။ ငါးမိနစ်အကြာမှာပင် မျိုးလှိုင်ဝင်း ဖြတ်ပို့သော ဘောလုံးကို စိုးလင်းထွန်းက အပိုင်ကန်သွင်းပြီး ဒုတိယဂိုးရယူသည်။ ဘဏ္ဍာ/အခွန်အသင်းအတွက်တတိယနှင့် ပွဲသိမ်းဂိုးကို ၄၄မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့်မျိုးလှိုင်ဝင်းမျှောပေးရာ လွင်ဦးက ဂိုးရှေ့သို့ဖြတ်ပို့ပြီး တိုက်စစ်မှူးရန်ပိုင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ပွဲအပြီးတွင် ဘဏ္ဍာ/အခွန်အသင်းက သုံးဂိုးပြတ်ဖြင့်အနိုင်ရရှိရာ ရာသီသစ်၏ ပထမဦးဆုံး ချန်ပီယံဆုဖလားကြီးကို ဆွတ်ခူးရရှိသွားသည်။ တံခွန်အသင်းသည်လည်း အချိန်တိုကာလအတွင်း အဆင့်မြင့်တန်းပြိုင်ပွဲများတွင် အမြင့်ဆုံးနေရာသို့ ရရှိခြင်းဖြစ်သည်။ အသင်းမှကစားသမားများအားလုံး၏ ကြိုးစားအားထုတ်မှုကြောင့် ဒုတိယနေရာကို ရရှိခဲ့ခြင်းဖြစ်သည်။

ပွဲအပြီးတွင် အနိုင်ရဗိုလ်စွဲသွားသော ဘဏ္ဍာ/အခွန်အသင်း၏ အောင်ပွဲစကားသံများကို ကြေးမုံကမေးမြန်းခဲ့သည်။ အသင်းအုပ်ချုပ်သူ ဦးခင်မောင်ကြိုင်က“ ကလေးတွေအားလုံး ကြိုးစားကစားကြကြောင်း၊ ပထမပိုင်းမှာ အသင်းကစားပုံ အနည်းငယ်ပျက်နေသော်လည်း ဒုတိယပိုင်းမှာ အမှားများပြင်ပေးလိုက်၍ ကစားပုံပိုကောင်းလာပြီး အနိုင်ဂိုးများရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ဌာနဆိုင်ရာအကြီးအကဲများကလည်း ပံ့ပိုးအားပေးကြ၍ ကလေးများစိတ်ဓာတ်တက်ကာ အနိုင်ရဗိုလ်စွဲခြင်း ဖြစ်ကြောင်း၊ တံခွန်အသင်းမှာလည်း ကြိုးစားမှုကောင်းကြောင်း၊နောက်ပြိုင်ပွဲများတွင်ယခုထက် တိုးတက်လာမှာ သေချာကြောင်း၊ ယခုလို အနိုင်ရဗိုလ်စွဲသည့်အတွက် ဝမ်းသာမိကြောင်း၊ အမှတ်ပေးပြိုင်ပွဲနှင့် နောင်ပြိုင်ပွဲများတွင်လည်း အောင်မြင်မှုရအောင် ဆက်လက်ကြိုးစားသွားမှာဖြစ်ကြောင်း”ပြောကြားသွားသည်။

ဆက်လက်၍ ကြေးမုံက အချိန်တိုတိုအတွင်း အောင်မြင်မှုရလာသော ပုဂ္ဂလိက တံခွန်အသင်းအား ယခုရရှိသော အောင်မြင်မှုနှင့် ပတ်သက်၍ မေးမြန်းခဲ့သည်။ အသင်းအုပ်ချုပ်သူ ဦးစိန်မျိုးမြင့်က “ကလေးတွေ အကောင်းဆုံးကြိုးစားကစားခဲ့ကြောင်း၊ ဘဏ္ဍာ/အခွန်လို အသင်းမျိုးကို ယခုလိုခံကစားနိုင်ခဲ့ပြီး ဒုတိယဆု ရရှိခဲ့သည့်အတွက် ကျေနပ်ပါကြောင်း၊ အသင်းမှ ကလေးတွေမှာ အတွေ့အကြုံနည်းသေး၍ မမှားသင့်သော အမှားများခဲ့ရကြောင်း၊ အသင်း၏အဆင့်မှာ တဖြည်းဖြည်းနှင့် တိုးတက်လာ၍ ကျေနပ်ပါကြောင်း၊ အသင်းမှ ကလေးနှစ်ဦးသည်လည်း ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုများ ရရှိခဲ့သည်မှာ အသင်း၏ အောင်မြင်မှုတစ်ခုဖြစ်ပါကြောင်း၊ ဆက်လက်၍ အောင်မြင်မှုရအောင်ကြိုးစားသွားမည်ဖြစ်ကြောင်း” ဖြင့် ကြေးမုံသို့ပြောကြားသွားသည်။

ယနေ့ပွဲ

ညနေ ၄နာရီ

ချစ်ကြည်ရေးခြေစမ်းပွဲ

သုဝဏ္ဏကွင်း

မြန်မာလူငယ်အသင်းနှင့်

ဘင်္ဂလားဒေ့ရှ်လူငယ်အသင်း။

(ကြေးမုံ)

အောင်ပွဲရ ဘဏ္ဍာ/အခွန်အသင်းအား Bagan Cybertech နှင့် Maykha မှ ဦးရဲနိုင်ဝင်းက ဂုဏ်ပြုဆုငွေကျပ် ငါးသိန်း ချီးမြှင့်စဉ်။
ဓာတ်ပုံ–စိုးညွှန့် (ကြေးမုံ)

✧ (၂၂)ကြိမ်မြောက်မှ

ကြေးတံဆိပ်၅၂ခုဖြင့် နိုင်ငံအလိုက် သတ္တမအဆင့် ရရှိခဲ့သော်လည်း ရွှေတံဆိပ်အရေအတွက်မှာမူ ၁၉၈၁ ခုနှစ် (၁၁)ကြိမ်မြောက် ဖိလစ်ပိုင်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနောက်ပိုင်း နှစ်ပေါင်း၂၀အတွင်း အမြင့်ဆုံးအောင်မြင်မှုနှင့် ရွှေတံဆိပ်အရေအတွက် အများဆုံးဆွတ်ခူး ရယူနိုင်ခဲ့ခြင်းဖြစ်ပေသည်။

ထို့ပြင် ယခင်က နှစ်ပေါင်းအတန်ကြာ ဆုတံဆိပ်နှင့်ဝေးကွာခဲ့ရသည့် တင်းနစ်၊ ဘောလုံး(အမျိုးသားလက်ရွေးစင်)အားကစားနည်းများမှလည်း တတိယကြေးတံဆိပ်ပြန်လည်ဆွတ်ခူးရလာနိုင်ခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရပေသည်။

တင်းနစ်အားကစားနည်းဆိုလျှင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရအေးမြင့်၏ ဦးဆောင်လမ်းညွှန်မှုကြောင့် ၂၂နှစ်တာကာလပတ်လုံး ဆုတံဆိပ်နှင့်ဝေးကွာခဲ့ရာမှ အသင်းလိုက်ပြိုင်ပွဲတွင် တတိယကြေးတံဆိပ် ပြန်လည်ဆွတ်ခူးလာနိုင်ခဲ့ပေသည်။

လှုပ်နိုးနိုင်ခဲ့

ရွှေတံဆိပ်၊ ငွေတံဆိပ်တို့နှင့်စာလျှင် ကြေးတံဆိပ်မှာ ရွှေရောင်၊ ငွေရောင်တို့ကဲ့သို့ မတောက်ပဟု ထင်ကောင်းထင်ကြမည်ဖြစ်သော်လည်း မြန်မာတင်းနစ်အဖွဲ့ ဆွတ်ခူးနိုင်ခဲ့သည့် ကြေးတံဆိပ်မှာမူ နှစ်ပေါင်း၂၂နှစ်ကာလပတ်လုံး အိပ်မောကျနေသည့် မြန်မာတင်းနစ်အားကစားပရိသတ်ပေါင်းများစွာကို လှုပ်နိုးစေနိုင်သော ကြေးတံဆိပ်ဖြစ်ခဲ့ပေသည်။

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်နာယကနှင့်ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co.,Ltd) တို့ ကိုယ်တိုင်ပင် တင်းနစ်အားကစားကို မြတ်နိုးခုံမင်ကြသူများပီပီ မြန်မာ့တင်းနစ် အားကစားတိုးတက်ရေးအတွက် တစိုက်မတ်မတ်အားပေးဆောင်ရွက်လျက်ရှိရာ ယခုလာမည့်(၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက်သာမက ရှေ့အနာဂတ်ခရီးလမ်းအတွက်ပါ မြန်မာ့တင်းနစ်အားကစား ဝင့်ထည်တောက်ပလာစေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပေသည်။

သို့ဖြစ်၍ မြန်မာ့လက်ရွေးစင် တင်းနစ်အားကစားအဖွဲ့၏ (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများကို မြန်မာအားကစား ပရိသတ်များနှင့် တင်းနစ်ဝါသနာအိုး များ လေ့လာသိရှိခွင့်ရရှိနိုင်ကြရန် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co.,Ltd.) အား သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

ရှေးဦးစွာ ကြိုတင်ပြင်ဆင်မှုများနှင့် စပ်လျဉ်း၍ ပြီးခဲ့သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပြီးကတည်းက ယခင်လက်ရွေးစင်များ၊ မျိုးဆက်သစ်များ အားလုံးကို မိမိတာဝန်ယူခဲ့သည့် အချိန်ကစပြီး ပြိုင်ပွဲ၁၃မျိုးကျင်းပကာ Sea Games အတွက် တစ်နှစ်ကြိုပြီး လူရွေးချယ်ခဲ့ကြောင်း၊ ထိုမှတစ်ဆင့် တောက်လျှောက်စခန်းသွင်း လေ့ကျင့်ပေးခဲ့ကြောင်း၊ Sea Games အတွက် အတွေ့အကြုံရယူနိုင်ရန် နှစ်ပေါင်း ၄၀ကျော် ဝင်ရောက် ယှဉ်ပြိုင်ခြင်းမပြုနိုင်ခဲ့သည့် Davis Cup ပြိုင်ပွဲသို့ နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ဆုရရှိရန်မရည်ရွယ်ခဲ့သော်လည်း မိမိတို့ကလေးများ၏ကြိုးစားမှုကြောင့် တတိယရလာခဲ့ကြောင်း၊ မိမိတို့၏ အဓိကပြိုင်ဘက်ဖြစ်သော ဗီယက်နမ်ကို ရှုံးခဲ့ကြောင်း၊ ဗီယက်နမ်၏ ကြိုတင်ပြင်ဆင်မှုကိုကြည့်သည့်အခါ ဗီယက်နမ်သည် အမေရိကန်နိုင်ငံ၌ ခြောက်လ၊ အင်ဒိုနီးရှားနိုင်ငံ၌ နှစ်လ ပူးတွဲလေ့ကျင့်ခဲ့၍ ပြင်ဆင်မှုကောင်းကြောင်း၊ သို့သော် ရှုံးသည့်ပွဲများကိုကြည့်လျှင် လက်ရည်ချင်း သိပ်မကွာသည့်အတွက် မိမိတို့ လေ့ကျင့်မှုကောင်းလျှင် လာမည့်ပြိုင်ပွဲ၌ နိုင်နိုင်သည့်အနေအထားရှိကြောင်း၊ ယခုလက်ရှိတစ်နှစ်အတွင်းမှာ အသက်၁၀နှစ်၊ ၁၂နှစ်၊ ၁၄နှစ်၊ ၁၆နှစ်ရှိ မျိုးဆက်သစ်များကို အတန်းလိုက် တစ်တန်းလျှင် သုံးယောက်မှ လေးယောက် မွေးမြူလေ့ကျင့်ပေးခဲ့ကြောင်း၊ လာမည့်ပြိုင်ပွဲအတွက် နိုင်ငံကိုယ်စားပြုလေးယောက်နှင့် အမျိုးသမီးအားကစားသမားနှစ်ဦးကို စေလွှတ်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ အမျိုးသမီးအားကစားသမားများကို နှစ်ပေါင်း နှစ်ဆယ်ကျော်မှာ ယခုပထမဦးဆုံး ပြန်ပြီး Sea Games ပြိုင်ပွဲကို စေလွှတ်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့ တင်းနစ်အဖွဲ့ချုပ်နာယကကြီးကို ထိုင်းနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌက လေးစားမှုပြုသည့်အနေဖြင့် မိမိတို့ တင်းနစ်အားကစားအဖွဲ့ကို ထိုင်းနိုင်ငံ၌ ပူးတွဲလေ့ကျင့်ရန် ဖိတ်ခေါ်ခဲ့ကြောင်း၊ အာရှတွင် အကောင်းဆုံးတင်းနစ်အသင်းက ထိုင်းနိုင်ငံဖြစ်နေ၍ မိမိတို့ ထိုင်းနိုင်ငံတွင် လေ့ကျင့်ရန် ရွေးချယ်ခဲ့ကြောင်း၊ စက်တင်ဘာ ၄ရက်မှစတင်၍ သွားရောက်လေ့ကျင့်ခဲ့ကြောင်း၊ လေ့ကျင့်ရုံ သက်သက်မဟုတ်ဘဲ သူတို့နိုင်ငံတွင် ကျင်းပလျက်ရှိသည့် တက္ကသိုလ်ပေါင်းစုံ အိုပင်းပြိုင်ပွဲအပါအဝင် နိုင်ငံတွင်း ပြည်တွင်းပြိုင်ပွဲများ၌ပင် ဝင်ရောက်ယှဉ်ပြိုင်နိုင်၍ ပွဲအတွေ့အကြုံ အများကြီးရရှိခဲ့ကြကြောင်း၊ ယခင်က မိမိတို့ နှစ်နှစ်မှ တစ်ကြိမ်သာ ကစားရသည့် Sea Games အတွေ့အကြုံသာရှိကြောင်း၊ ယခု ထိုင်းနိုင်ငံတွင် လက်ရှိစီမံအုပ်ချုပ်သူတစ်ဦးနှင့် ကစားသမား ခြောက်ယောက် လေ့ကျင့်လျက်ရှိနေကြောင်း၊ နောက်နှစ်ယောက်ကမူ စက်တင်ဘာ ၁၄ရက်မှ စတင်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့သို့ သွားရောက်လေ့ကျင့်လျက်ရှိကြောင်း၊ လာမည့် Sea Games ပြိုင်ပွဲအတွက် စုစုပေါင်း ရှစ်ယောက် နိုင်ငံခြားတွင် သွားရောက်လေ့ကျင့်နေကြောင်း၊ အမျိုးသား လက်ရွေးစင်များမှာ ဇော်ဇော်လတ်၊ ခင်မောင်ဝင်း၊ တူးမော်၊ မင်းမင်းတို့ဖြစ်ကြပြီး မျိုးဆက်သစ်လူငယ်များဖြစ်သည့် ငယ်နောင်းနှင့် မန်လျံစိန်တို့ကို အနာဂတ်အတွက်ပါရည်ရွယ်၍ လေ့ကျင့်စေလွှတ်ပေးခြင်းဖြစ်ကြောင်း၊ တစ်ချိန်မှာ နိုင်ငံကိုယ်စားပြုကစားနိုင်မည့် လက်ရွေးစင်များ ဖြစ်လာနိုင်ကြောင်း၊ အမျိုးသမီး လက်ရွေးစင်များမှာ အေမီထွန်းနှင့် ကြည်မြဇော်တို့အား စေလွှတ်ထားကြောင်း ပြောကြားသည်။

အတွေ့အကြုံယူ

ဆက်လက်၍ပြိုင်ဘက်အသင်းအချို့၏ လက်ရှိအခြေအနေများနှင့် စပ်လျဉ်း၍ မေးမြန်းရာ “ထိုင်းနှင့် အင်ဒိုနီးရှားတို့မှာ အာရှအဆင့်တွင် နံပါတ်တစ်နှင့် နံပါတ်သုံးအဆင့်ရှိ၍ ကျော်ဖြတ်နိုင်ရန် အထူးကြိုးစားရလိမ့်မည်ဖြစ်ကြောင်း၊ အခြားနိုင်ငံများ၏ တင်းနစ်အားကစားလှုပ်ရှားမှုများကိုကြည့်လျှင် ၎င်းတို့သည် တင်းနစ်အားကစားသမားတစ်ဦး၊ တစ်ယောက်ချင်းကို နိုင်ငံတကာပြိုင်ပွဲများ၌ စေလွှတ်ယှဉ်ပြိုင်စေခဲ့ကြောင်း၊ အမှတ်တွေ၊ အဆင့်တွေတက်လာမှ နိုင်ငံကိုကိုယ်စားပြု ပြိုင်ပွဲများဖြစ်သည့် Sea Games နှင့် Davis Cup တို့တွင် ပြန်ပြီးဝင်ကစားစေခဲ့ကြောင်း၊ သူတို့၏ပြင်ဆင်မှုမှာ တစ်ဦးတစ်ယောက်ချင်းအနေဖြင့် နိုင်ငံတကာအတွေ့အကြုံတွေ အများကြီးယူပြီး ပြန်ပေါင်းစပ်ကာ နိုင်ငံအတွက် ကိုယ်စားပြုကစားစေခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အဖွဲ့ချုပ်အနေဖြင့်လည်း Sea Games နှင့် Davis Cup ပြိုင်ပွဲများတွင် ယခုထက် ဆုတံဆိပ်ပိုမိုဆွတ်ခူးနိုင်စေရန် နိုင်ငံတကာပြိုင်ပွဲအဆင့်ဆင့်ကို တစ်ဦးချင်းဝင်ရောက်ယှဉ်ပြိုင် အတွေ့အကြုံများယူစေပြီး Sea Games ပြိုင်ပွဲများတွင် သူတို့ကို ပြန်ခေါ်ယူအသုံးပြုသွားမည်ဆိုလျှင် မိမိတို့တင်းနစ်အားကစားသည်လည်း အရှေ့တောင်အာရှတွင် ပြန်လည်လွှမ်းမိုးနိုင်မည်မှာ မလွဲမသွေဖြစ်မည်ဟု ယူဆပါကြောင်း”ဖြင့် ပြောကြားသည်။ ထို့နောက်လာမည့် Sea Games ပြိုင်ပွဲအပေါ် ရည်မှန်းချက်များနှင့် စပ်လျဉ်း၍မေးမြန်းရာ နိုင်ငံတော်က အရှေ့တောင်အာရှ Sea Games ပြိုင်ပွဲကို အစဉ်အမြဲ၊ အလေးသမှုပြုပြီး ယှဉ်ပြိုင်ခဲ့သည့်အတွက် မိမိတို့တင်းနစ်အဖွဲ့ချုပ် အနေဖြင့် နိုင်ငံတော်အတွက် ဆုတံဆိပ်ဆွတ်ခူးပေးနိုင်ရန် မိမိတို့အတတ်နိုင်ဆုံး အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ အသင်းလိုက်ပြိုင်ပွဲသာမက တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲများတွင်ပါ ဆုတံဆိပ်ဆွတ်ခူးရယူနိုင်ရန် ပြင်ဆင်လေ့ကျင့်လျက်ရှိကြောင်း၊ နိုင်ငံ့ကိုယ်စားပြု ယှဉ်ပြိုင်မည့် ပြိုင်ပွဲတွင် သူများတွေဆုရသလို မိမိတို့လည်း ဆုရလိုကြောင်း၊ နိုင်ငံချစ်သည့် စိတ်ကြောင့် မိမိတို့အားလုံး အချိန်ကုန်ခံ၊ ငွေကုန်ခံပြီး ကြိုးစားနေခြင်းဖြစ်ကြောင်း” ဦးဇော်ဇော်က ပြောကြားသည်။

အချိန်ယူရမည်

ယင်းနောက် မြန်မာ့တင်းနစ် အားကစား၏ ရှေ့အနာဂတ်အလားအလာ အခြေအနေများနှင့် စပ်လျဉ်း၍ မေးမြန်းရာ “အချိန်တိုအတွင်းမှာ ဖြစ်နိုင်သည့် အားကစားနည်းမဟုတ်ကြောင်း၊ လက်ရှိအနေအထားအရ အာရှ၏ တင်းနစ်အမှတ်ကို ပြန်ယှဉ်ကြည့်မည်ဆိုလျှင် ဂျပန်နှင့်ထိုင်းတို့က အမှတ်ငါးထောင်ကျော် အထက်မှာရှိနေချိန်တွင် မိမိတို့က ၁၃ မှတ်သာရှိသေးကြောင်း၊ သို့သော် နိုင်ငံတကာ ပြိုင်ပွဲတွေ လက်ခံကျင်းပပြီး နိုင်ငံတကာပြိုင်ပွဲများတွင်ပါ မိမိတို့ ကစားသမားများ သွားရောက်ကစားကြကာ နိုင်တကာအတွေ့အကြုံများ ရရှိလာကြမည်ဆိုလျှင် အချိန်တွေကြာလာသည်နှင့်အမျှ မိမိတို့ မြန်မာနိုင်ငံကိုယ်စားပြု တင်းနစ်အားကစားအဖွဲ့သည် နိုင်ငံတကာပြိုင်ပွဲများတွင် ဆုများရယူနိုင်ရန်မှာ မလွဲမသွေဧကန်မုချဖြစ်လာပါလိမ့်မည်ဖြစ်ကြောင်း၊ မိမိတို့အဖွဲ့ချုပ်အနေဖြင့်လည်း ရေရှည်စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ အနာဂတ်အတွက် မျိုးဆက်သစ်များကို စခန်းသွင်းလေ့ကျင့် မွေးမြူလျက်ရှိရာ တစ်ချိန်တွင် ယခုလက်ရွေးစင်များနေရာ၌ ပခုံးလွှဲပြောင်း တာဝန်ယူနိုင်ကြလိမ့်မည် ဖြစ်ကြောင်း၊ ရှေ့အနာဂတ်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်း ကစားနိုင်ရန် ယခုလက်ရှိ မွေးမြူထားသည့် အသက်၁၂နှစ်အောက် မျိုးဆက်သစ်များကိုလည်း နိုင်ငံတကာ သက်တန်းအလိုက် ပြိုင်ပွဲများသွားရောက် ယှဉ်ပြိုင်နိုင်ရန် မိမိတို့အဖွဲ့ချုပ်က ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်တွင်း၌လည်း ခွင့်ပြုချက်ရရှိမည်ဆိုပါက နိုင်ငံတကာပြိုင်ပွဲများ၊ သက်တန်းအလိုက်ပြိုင်ပွဲများ လက်ခံကျင်းပခွင့်ရရှိရန်လည်း ကြိုးစားသွားမည်ဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်မှုများကိုလည်း အစွမ်းကုန်ဆောင်ရွက်လျက်ရှိကြောင်း” ပြောကြားခဲ့ပေသည်။ ။

မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ–၂၀၀၃ မြဝတီနှင့် ဘားအံမြို့တို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

နိုင်ငံတော်က ချမှတ်ထားသော “စီးပွားကူးသန်း ရှေ့သို့လှမ်း” ဟူသော ဆောင်ပုဒ်နှင့်အညီ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး အခန်းကဏ္ဍရပ်များ ရှေ့သို့ တက်လှမ်းနိုင်စေရန်၊ ယှဉ်ပြိုင်ရောင်းချခြင်းဖြင့် ကုန်ပစ္စည်း အရည်အသွေး မြင့်မားစေရန်နှင့် ကုန်ဈေးနှုန်း တည်ငြိမ်ကျဆင်းစေရန်၊ ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန် ရည်ရွယ်၍ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုလမ်းညွှန်မှု၊ သက်ဆိုင်ရာ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီနှင့် အခြားဒေသခံ ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီး၏ ပံ့ပိုးကူညီမှုများဖြင့် မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ–၂၀၀၃ ကို မြဝတီမြို့ ရွှေမြင်းဝန်ဘုရားကွင်းတွင် ပထမဆုံးအကြိမ် အဖြစ် အောက်တိုဘာ ၁၅ ရက်မှ ၁၉ ရက်အထိလည်းကောင်း၊ ဘားအံမြို့ သီရိကွင်းတွင် နိုဝင်ဘာ ၆ ရက်မှ ၁၀ ရက်အထိလည်းကောင်း Media Essentialမှ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရောင်းချမည်

အဆိုပါ ပထမဆုံးအကြိမ် မြဝတီမြို့နှင့် ဘားအံမြို့ မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ–၂၀၀၃တွင် အလှကုန်ပစ္စည်းအမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုး၊ တိုင်းရင်းဆေးအမျိုးမျိုးနှင့် ပြည်တွင်းဖြစ် အနောက်တိုင်းဆေးဝါးအမျိုးမျိုး၊ ကျောင်းသုံး၊ ရုံးသုံး ဗလာစာအုပ်အမျိုးမျိုးနှင့် စာရေးကိရိယာများ၊ အဝတ်အထည်နှင့်ဖက်ရှင် အသုံးအဆောင်ပစ္စည်းအမျိုးမျိုး၊ပလတ်စတစ်နှင့် ဖိုင်ဘာပစ္စည်းအမျိုးမျိုး၊ မီးဖိုဆောင်သုံး ပစ္စည်းအမျိုးမျိုး၊ အီလက်ထရွန်းနစ်နှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းသားရိုးရာဝတ်စုံများ၊ ကျောက်မျက်ရတနာများဖြင့် ပြုလုပ်ထားသော ပန်းချီကားများ၊ မြန်မာမှုပရိဘောဂများ၊ လက်မှုပစ္စည်းများ အစရှိသည်တို့ကို ပါဝင်ပြသရောင်းချသွားမည်ဖြစ်သည်။

တင်ဆက်ပြသနိုင်

သို့ဖြစ်၍ မြဝတီမြို့ ပထမဆုံးအကြိမ် “မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ–၂၀၀၃” တွင် ရောင်းအားမြှင့်တင်ရေး အစီအစဉ်များ၊ ကြော်ငြာသရုပ်ပြသခြင်းများနှင့် ဘားအံမြို့ “မြန်မာ့ထုတ်ကုန် ကုန်စည်ပြပွဲ – ၂၀၀၃” တွင် ပြည်နယ်အဆင့် ရိုးရာဒုံးယိမ်းပြိုင်ပွဲများ၊ အငြိမ့်ဇာတ်များဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ ဝင်ရောက် ကြည့်ရှုလေ့လာ ဝယ်ယူနိုင်မည်ဖြစ်ပြီး ပါဝင်ပြသလိုသော ပြည်တွင်းပြည်ပကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် Media Essential ဖုန်း ၀၁–၇၀၈၆၀၅ သို့ ဆက်သွယ်စုံစမ်း၍ ဝင်ရောက်ပြသနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

ကိုယ်ကာယလေ့ကျင့်ရေးခန်းမ လေ့ကျင့်သင်ကြားမည်

ရန်ကုန် စက်တင်ဘာ ၂၉

ခန္ဓာကိုယ်မှ ပိုလျှံနေသော အဆီများကို လျှော့ချလို၍ဖြစ်စေ၊ ခန္ဓာကိုယ်အချိုးအစား ပြေပြစ်လို၍ဖြစ်စေ၊ သေးငယ်သော ခန္ဓာကိုယ်အား တောင့်တင်းခိုင်မာလို၍ဖြစ်စေ၊ ကျန်းမာရေးအတွက်ဖြစ်စေ အားလုံး၏ဆန္ဒများ ပြည့်ဝစေရန် ရည်ရွယ်၍ ကာယအလှနည်းပြ မအေးအေးခိုင်နှင့် ကာယအလှမယ် လှသူဇာတို့က ခေတ်မီစက်ကိရိယာများ၊ အလေးပြားများ၊ ကိရိယာလွတ် လေ့ကျင့်ခန်းများဖြင့် လေ့ကျင့်ပေးလျက်ရှိရာ အမှတ်(၂၂၇) ကျိုက္ကဆံလမ်း ကျောက်မြောင်းဈေး ကားဂိတ်အနီး တာမွေ ရန်ကုန် ဖုန်း–၅၄၂၆၁၃ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က–ပ)

စက်တင်ဘာ ၂၀ ရက်က မင်္ဂလာတောင်ညွန့် အထက(၃)မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ စတုတ္ထတန်းတွင် ပထမရရှိသော မအိမ့်မြင့်မိုရ်စိုးအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းက ဆုချီးမြှင့်စဉ်။ (က–ပ)

အီလက်ထရွန်းနစ်သင်တန်းနှင့်လေအေးပေးစက်သင်တန်း

ရန်ကုန် စက်တင်ဘာ ၂၉

လူငယ်များအတွက် အီလက်ထရွန်းနစ်သင်တန်း (TV,VIDEO,VCD, DVD, Satellite)၊ လေအေးပေးစက်၊ ရေခဲသေတ္တာနှင့် လက်တွေ့အသုံးချ လျှပ်စစ်သင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။ အင်ဂျင်နီယာနှင့် စက်ပြင်ဆရာများသိသင့်သော ဂျပန်စာများကို ဂျပန်ဘာသာဖြင့် ဘွဲ့ရထားသူများက သင်ကြားပေးလျက်ရှိသည်။ စိတ်ဝင်စားသူများသည် Cosmic Engineering Group Training and Service Centre အမှတ်(၃၁) ဓမ္မဝိဟာရလမ်း ကျောက်မြောင်း ကျောက်မြောင်းဈေးမှတ်တိုင်အနီး ဖုန်း–၅၄၉၈၉၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က–ပ)

အီလက်ထရွန်းနစ် စက်ပြင်သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၂၉

နှစ် ၃၀ ကျော် အရှိန်အဟုန်မပျက် အောင်မြင်ကျော်ကြားလျက်ရှိသော တိုင်းအီလက်ထရွန်းနစ် စက်ပြင်သင်တန်းမှ ရေဒီယို၊ကက်ဆက်၊ TV, VIDEO, VCD, CD စက်ပြင်သင်တန်းနှင့် Satellite Receiver တပ်ဆင်ခြင်း သင်တန်းများကို စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိရာ အမှတ် (၇၀) ရန်ကုန်–အင်းစိန်လမ်းမ သုခ မှတ်တိုင်နှင့် ဘူတာရုံမှတ်တိုင်ကြား (၉)ရပ်ကွက် လှိုင်မြို့နယ် ရန်ကုန် ဖုန်း–၀၁–၅၃၅၁၅၁ နှင့် ၀၉–၈၀ ၃၄၅၄၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် လိုအပ်သော စက်ပစ္စည်းဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် တပ်ဆင်အသုံးပြုရန်အတွက် အောက်ဖော်ပြပါ စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

FET MRF 3735

၂။ တင်ဒါပေးသွင်းမှုကို ၆–၁၀–၂၀၀၃ ရက် (၁၆:၃၀) နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ်–၂၂၈/သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
ဖုန်း–၂၄၅၆၃၁၊ ၂၄၅၆၂၄၊ ၂၄၅၆၄၅။

ဝန်ထမ်း အလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ **စာရင်းကိုင် (B.Com, CPA)** ကျား/မ (၃) ဦး
အသက်(၄၅)နှစ်အောက်၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။
ကွန်ပျူတာဖြင့် စာရင်းကိုင်နိုင်ရမည်။

လျှောက်ထားသူသည် မကြာမီက ရိုက်ကူးထားသော ဓာတ်ပုံ(၃)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အခြားအထောက်အထားစာရွက်များ၊ ကိုယ်ရေးရာဇဝင်အသေးစိတ်၊ နေရပ်လိပ်စာအပြည့်အစုံရေး၍ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အောက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

မပြည့်စုံသော လျှောက်လွှာများကို ပယ်မည်ဖြစ်သည်။

အမှတ်(၁၈/E)၊ သာယာဝတီလမ်း၊ ဆရာစံ(စံပြ)ရပ်ကွက်၊ ဗဟန်း၊ ရန်ကုန်မြို့။ ဖုန်း–၅၄၅၀၇၈၊ ၇၀၃၃၃၂။

စီဂျီအေမှ သီတင်းကျွတ် အပန်းဖြေခရီးထွက်မည်

ရန်ကုန် စက်တင်ဘာ ၂၉

ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ) CGAမှ အသင်းသူအသင်းသားများ၊ ဘွဲ့ရများ၊မိသားစုများ၊ မိတ်သင်္ဂဟများ စုပေါင်းပြီး သီတင်းကျွတ်ရုံးပိတ်ရက်တွင် သာမည၊ ကျိုက္ခမီ၊ မော်လမြိုင်၊ စက်စဲကမ်းခြေသို့ အပန်းဖြေ ဒေသန္တရ လေ့လာရေးခရီးထွက်မည်ဖြစ်သည်။ ခရီးစဉ်မှာ ရန်ကုန်မှ အောက်တိုဘာ ၁၀ ရက်၌ထွက်ပြီး အောက်တိုဘာ ၁၂ ရက် ညပိုင်း ရန်ကုန်သို့ ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ အသင်းမှ ခရီးစဉ်တစ်လျှောက် နေထိုင်၊ စားသောက်မှုအတွက် အစစ တာဝန်ယူစီစဉ်ပေးမည်ဖြစ်ပြီး လိုက်ပါလိုသူများနှင့်အသေးစိတ်စုံစမ်းလိုသူများ အသင်းတိုက် အမှတ် ၃၇/၄၁ လမ်း၅၀(အောက်) ဖုန်း–၂၉၁၆၆၇၊ အတွင်းရေးမှူး ဦးကြည်သာစိုး ဖုန်း–၇၂၃၀၇၂၊ ၂၈၆၈၉၄၊ ၀၉–၅၀၁၈၆၅၉၊ ဒေါ်အေးသီတာ ဖုန်း–၂၄၅၈၀၁နှင့် ၀၉–၅၀၀ ၀၇၅၂တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပြည်တွင်း၊ ပြည်ပမှ မြန်မာစာဖတ် ပရိသတ်များအတွက်

အင်တာနက် စာအုပ်ဆိုင် မြန်မာပြည်တွင် ဖွင့်ပြီ

တွေ့ဆုံမေးမြန်းသူ–ဒွေးကြည်၊ ဓာတ်ပုံမှတ်တမ်း–ခင်မောင်ဝင်း(ကြေးမုံ)

စာအုပ်များကို စနစ်တကျထားသဖြင့် လာရောက်ဝယ်ယူသူများအနေဖြင့် မိမိကြိုက်နှစ်သက်ရာ စာအုပ်ကို အလွယ်တကူ ရွေးချယ်ဝယ်ယူနိုင်သည်။ *ဓာတ်ပုံမှတ်တမ်း–ခင်မောင်ဝင်း(ကြေးမုံ)*

ရန်ကုန် စက်တင်ဘာ ၂၉

မြန်မာနိုင်ငံတွင် ထုတ်ဝေလျက်ရှိသည့် မြန်မာသတင်းစာများ၊ ဘာသာရေးစာအုပ်များ၊ ဝတ္ထုစာအုပ်များ၊ မဂ္ဂဇင်းစာအုပ်များ၊ ဂျာနယ်များနှင့် ကာတွန်းများအား Internet ပေါ်တွင် စုစည်းတင်ပြထားသည့် အစီအစဉ် တစ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေသူများက Books for All စာအုပ်ဆိုင်တစ်ဆိုင် ဖွင့်လှစ်လိုက်သည့် သတင်းစကားကို ကြေးမုံက ကြားသိခဲ့ရသည်။ ထို့ကြောင့် မိမိတို့ကြေးမုံသတင်းအဖွဲ့သည် အမှတ်(၄၄၇/၄၄၉) ကုန်သည်လမ်းနှင့် (၄၃) လမ်းထောင့်တွင် ဖွင့်လှစ်ထားသည့် Books for All စာအုပ် ဆိုင်သို့ သွားရောက်ကာ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး မြန်မာစာအုပ်များ Internet ပေါ်တင်ထားသည့် အစီအစဉ်ကို မေးမြန်းခဲ့ပါသည်။

ပထမဦးစွာ မိမိတို့သည် Books for All ဆိုင်တာဝန်ခံ ဦးစန်းဦးကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ဦးစန်းဦးက "အခုအစီအစဉ်တွေကို FOREVER JUNE ကုမ္ပဏီအနေနဲ့ အရောင်းဆိုင်အဖြစ် ဖွင့်လှစ်ပါတယ်။ သူတို့ကုမ္ပဏီက e-Book Project တစ်ခုကို လုပ်ခဲ့ကြပါတယ်။ e-Book Project ဆိုတာကတော့ မြန်မာစာအုပ်တွေကို Internet ပေါ်မှာ တင်ပြီးတော့ e-Book အနေနဲ့ ဈေးကွက်သစ် ရှာဖွေကြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဆိုင်အနေနဲ့ မြန်မာစာအုပ်မျိုးစုံကို တစ်နေရာတည်းမှာ တစုတဝေးတည်း ရနိုင်အောင် ပြုလုပ်ထားပါတယ်။ အဓိက ကတော့ မြန်မာစာအုပ်တွေကို e-Book အနေနဲ့ Internet ပေါ်တင်ချင်တယ်။ တင်တဲ့အခါမှာ အထောက်အကူတစ်ခုအနေနဲ့ ဒီစာအုပ်ဆိုင်ကို ဖွင့်ရခြင်းပါပဲ။ ဖွင့်တဲ့အခါမှာလည်း နေရာကလည်း ကျယ်ကျယ်ပြန့်ပြန့်နဲ့ စာအုပ်တွေကိုလည်း စုံစုံလင်လင်ဖြစ်အောင် လုပ်ထားပြီး ပန်းချီပြပွဲလေးတစ်ခု ပြနိုင်တဲ့အခန်းတစ်ခန်းကလည်း ရှိနေတဲ့အတွက် e-Painting ကို အကောင်အထည်ဖော်တဲ့အခါ အထောက်အကူဖြစ်အောင် ပြခန်းလေးကိုတစ်ပါတည်းလုပ်ပြီး ပြသထားပါတယ်။ ဆက်ပြီး မြန်မာပန်းချီကားတွေကို Internet မှာ တင်ရောင်း နိုင်အောင် စီစဉ်နေပါတယ်။ အဲဒီပန်းချီခန်းမှာလည်း နာမည်ကျော်ပန်းချီ ဆရာကြီးများရဲ့ လက်ရွေးစင်ကားများကို တစ်လမှာ ပန်းချီဆရာတစ်ဦးက ၁၀ ကား၊ ၁၅ ကားလောက် တင်ပြနိုင်ဖို့ပါပဲ။ အခုလမှာတော့ ဆရာနေမျိုးဆေးရဲ့ ပန်းချီကားတွေကို အပြီးတင်ပြထားပါတယ်။ နောက်လမှာတော့ နောက်တစ်ဦး ပြောင်းသွားပါမယ်။

စာပေဝါသနာရှင်များအနေဖြင့် မိမိတို့ကြိုက်နှစ်သက်ရာ စာအုပ်များကို ဤသို့ ရွေးချယ်ဝယ်ယူနိုင်ကြသည်။
ဓာတ်ပုံမှတ်တမ်း–ခင်မောင်ဝင်း(ကြေးမုံ)

စာအုပ်တွေကိုလည်း မြန်မာစာအုပ်များ၊ အင်္ဂလိပ်စာအုပ်များ၊ ကလေးစာအုပ်များ၊ စာသင်သားသုံး သင်ထောက်ကူစာအုပ်များ၊ အဘိဓာန်များ၊ ဘာသာစကားစာအုပ်များ၊ ဘာသာရပ်ဆိုင်ရာ စာအုပ်များနဲ့ သီချင်းစီဒီ၊ ဗွီစီဒီများကို စုံစုံလင်လင်ရနိုင်အောင် စီစဉ်ထားပါတယ်"ဟု ကြေးမုံသို့ ရှင်းပြသည်။

ထို့နောက် မိမိတို့သည် Myanmar e-Book တာဝန်ခံ ဦးမျိုးမြတ်သူကိုလည်း တွေ့ဆုံကာ မေးမြန်းခွင့်ရခဲ့ပါသည်။ ဦးမျိုးမြတ်သူက "ကျွန်တော်တို့က Myanmar eBook Project အနေနဲ့ မြန်မာပုံနှိပ်စာအုပ်တွေကို e-Book အဖြစ် ပြောင်းတာကို စတင်ခဲ့တာကတော့ ဧပြီလ ၁ ရက်ကတည်းက စခဲ့တာပါပဲ။ ဧပြီလ ၁ ရက်နေ့မှာ လှိုင်မြို့နယ်မှာရှိတဲ့ MICT Park မှာ စာရေးဆရာတွေ၊ ထုတ်ဝေသူတွေ၊ အယ်ဒီတာတွေ၊ ပန်းချီဆရာတွေ၊ ရှေ့နေတွေအပါအဝင် ပင့်ဖိတ်ပြီးတော့ အလုပ်ရုံဆွေးနွေးပွဲလေးတစ်ခု ပြုလုပ်ခဲ့ပါတယ်။ အဲဒီလိုလုပ်ပြီးတော့ စာရေးဆရာတွေချည်းပဲသတ်သတ်၊ အယ်ဒီတာတွေချည်းသတ်သတ်၊ ထုတ်ဝေသူတွေချည်းသတ်သတ် ပင့်ဖိတ်ပြီး တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အဲဒီလိုဆွေးနွေးပြီးတော့ ဇွန်လ ၁ ရက်နေ့မှာပဲ Myanmar e-Book တွေကို Internet မှာ တင်ခဲ့ပါတယ်။ အဲဒီလိုတင်တဲ့အခါမှာလည်း စာရေးဆရာတွေ၊ ထုတ်ဝေသူတွေကလည်း ကျွန်တော်တို့နဲ့ ပူးပေါင်းပါဝင်လာကြပါတယ်။ ဒါကြောင့် ဇူလိုင်လ ၂၄ ရက်မှာတော့ e-Book တွေကို Internet မှာ စတင်ရောင်းချနိုင်ခဲ့ပါတယ်။

အခုအချိန်ကတော့ အရောင်းမြှင့်တင်ရေးကာလဖြစ်တဲ့အတွက် မူလဈေးရဲ့ ၃၀ ရာခိုင်နှုန်းကိုပဲ သတ်မှတ်ရောင်းချခဲ့ပါတယ်။ စတင်ရောင်းချတဲ့နေ့ကစပြီး ယနေ့အထိဆိုရင် Internet မှာ အုပ်ရေ ၅၀၀ လောက်တင်ပြီးပြီဖြစ်ပါတယ်။ မဂ္ဂဇင်း၊ ဂျာနယ်ပေါင်း က ၄၀ လောက်တင်ပြီးပါပြီ။ ကျွန်တော်တို့ အစီအစဉ်ကို နေ့စဉ်ကြည့်သူကတော့ ၇၀၀ လောက်ရှိနေပါပြီ။ အခု ၇၀၀ ထဲမှာ

ကြိုတင်ငွေပေးစနစ်ဖြင့် ရောင်းချလျက်ရှိသည့် Myanmar & e-Book အရောင်းဌာနတွင် လာရောက်စုံစမ်းနေသူများကို တွေ့ရစဉ်။
ဓာတ်ပုံမှတ်တမ်း–ခင်မောင်ဝင်း(ကြေးမုံ)

နိုင်ငံခြားကကြည့်သူက တစ်ဝက်ကျော်ရှိပါတယ်။ ကျွန်တော်တို့ အနေနဲ့ e-Book အရောင်းဌာနများကိုတော့ အခုဒီဆိုင်မှာ တစ်ခုရယ်၊ အမှတ် (၁၇၃–၁၇၅) ပန်းဆိုးတန်းလမ်းအလယ် ကျောက်တံတားမြို့နယ်မှာ တစ်ခုရယ်၊ MICT Park အဆောင်(၆) အခန်း(၃) လှိုင်မြို့နယ်မှာ တစ်ခုရယ်ဆိုပြီး သုံးနေရာခွဲထားပါတယ်။ အခုစတင်ရောင်းချစဉ်မှာတော့ Prepaid Deposit အနေနဲ့ ငွေကိုကြိုတင်သွင်းပြီးတော့ စာအုပ်ဖိုးကို အဲဒီငွေထဲမှ နုတ်ယူသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံခြားကိုတော့ တိုက်ရိုက် မရောင်းချနိုင်သေးပါဘူး။ ဒါပေမယ့် မြန်မာနိုင်ငံက လူတစ်ဦးတစ်ယောက်ကနေပြီး နိုင်ငံခြားမှာရှိတဲ့ မိသားစု၊ ဆွေမျိုးသားချင်းနဲ့ မိတ်ဆွေသင်္ဂဟတွေကို ပို့ပေးလို့တော့ ရပါတယ်။ ကျွန်တော်တို့က သူတို့ပေးထားတဲ့ ID နံပါတ်တွေ၊ Pass Word တွေအရ Internet ကနေ ပို့ပေးမှာဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ကတော့ e-Book ဈေးကွက်ဖြစ်ပေါ်လာဖို့ပါပဲ။ ဒါပေမယ့် အချိန်ယူရပါမယ်။ အခုလောလောဆယ်တော့ စမ်းသပ်ကာလဖြစ်ပါတယ်။ ၂၀၀၅ ခုနှစ်လောက်ရောက်ရင်တော့ Internet အသုံးပြုသူတွေက များလာမယ်။ နောက် e-commerce အနေနှင့်လည်း ဖွံ့ဖြိုးလာမယ်ဆိုရင် ကျွန်တော်တို့ လုပ်ငန်းဟာလည်း အောင်မြင်လိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။

ဒီလိုလုပ်တဲ့နေရာမှာလည်း စာရေးဆရာတွေ၊ ထုတ်ဝေသူတွေ၊ အယ်ဒီတာတွေကလည်း ကျွန်တော်တို့နဲ့အတူ ပူးပေါင်းကူညီလုပ်မှသာ ဒီဈေးကွက်ဟာ ဖြစ်လာမှာဖြစ်ပါတယ်။ ကျွန်တော်တို့ အခုလုပ်နေတဲ့ e-Book လုပ်ငန်းသာ အောင်မြင်ခဲ့မယ်ဆိုရင်တော့ မြန်မာစာပေလောကအတွက် ပိုမိုတိုးတက်ဖွံ့ဖြိုးတဲ့ ဈေးကွက်တစ်ခုဖြစ်လာမှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ Books for All စာအုပ်ဆိုင်ကိုလည်း စိတ်ကူးချင်းချင်း ဦးစန်းဦးတို့နဲ့ ကျွန်တော်တို့ အကျိုးတူပူးပေါင်းပြီးတော့ ဆောင်ရွက်ရခြင်းကလည်း နောင်တစ်ချိန်မှာ e-Book ကို ရောင်းရုံတင်မဟုတ်တော့ဘဲ ပုံနှိပ်စာအုပ်တွေကိုလည်း နိုင်ငံခြားကမှာလာပြီဆိုရင် အဆင်သင့်ပို့ပေးနိုင်အောင် လုပ်ပေးပါ့မယ်။ စာဖတ်သူတွေအနေနဲ့ e-Book နဲ့ပတ်သက်လို့ပဲဖြစ်ဖြစ်၊ စာအုပ်တွေ ဝယ်ယူလိုတဲ့အခါပဲဖြစ်ဖြစ် တစုတဝေးတည်း ဝယ်ယူရရှိနိုင်အောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့နိုင်ငံဟာ e-ASEAN အဖွဲ့ဝင်နိုင်ငံတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့နိုင်ငံအနေနဲ့ IT နှင့်ပတ်သက်ပြီး တိုးတက်အောင် အဆင့်ဆင့်စီမံကိန်းတွေနဲ့ ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ကလည်း ဒါတွေကို မျှော်မှန်းပြီးတော့ IT တွေ တိုးတက်လာသလို e-Book တွေကိုလည်း တစ်ပြိုင်တည်း တိုးတက်စေလိုပါတယ်။ အခု MICT Park တို့၊ မန္တလေး ICT Park တို့ Bagan Cybertech တို့ကလည်း Internet ကို ကျယ်ပြန့်အောင် လုပ်လာကြသလို ကျွန်တော်တို့ကလည်း မိမိတတ်နိုင်တဲ့ဘက်က ဆောင်ရွက်ပါဝင်နေခြင်းဖြစ်ပါတယ်"ဟု ကြေးမုံသို့ အကျယ်တဝင့်ရှင်းပြခဲ့သည်။ ။ **(ကြေးမုံ)**

ကျွန်တော်တို့ နိုင်ငံဟာ e-ASEAN အဖွဲ့ဝင် နိုင်ငံတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့နိုင်ငံအနေနဲ IT နှင့် ပတ်သက်ပြီး တိုးတက်အောင် အဆင့်ဆင့် စီမံကိန်းတွေနဲ့ ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ကလည်း ဒါတွေကို မျှော်မှန်းပြီးတော့ IT တွေ တိုးတက်လာသလို e-Book တွေကိုလည်း တစ်ပြိုင်တည်း တိုးတက်စေလိုပါတယ်။

သမဝါယမ စက်မှုထုတ်ကုန်ပြပွဲ မကွေးတိုင်းနှင့် ဧရာဝတီတိုင်း၌ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၂၉

မကွေးတိုင်းနှင့် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၏ ခွင့်ပြုချက်၊ ဒေသဆိုင်ရာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၏ ပံ့ပိုးကူညီမှု၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ပံ့ပိုးမှုတို့ဖြင့် သမဝါယမ စက်မှုထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို မကွေးမြို့ခရိုင် အားကစားကွင်း၌ အောက်တိုဘာ ၈ ရက်မှ ၁၂ ရက်အထိလည်းကောင်း၊ တောင်တွင်းကြီးမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၁၇ ရက်မှ ၂၁ ရက်အထိလည်းကောင်း၊ မြောင်းမြမြို့ မြို့မအားကစားကွင်း၌ နိုဝင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိလည်းကောင်း၊ ပုသိမ်မြို့ ကန်သာယာကွင်း၌ နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိလည်းကောင်း၊ ဟင်္သာတမြို့ မြို့တော်ခန်းမ၌ ဒီဇင်ဘာ ၅ ရက်မှ ၉ ရက်အထိလည်းကောင်း ကျင်းပရန် ရန်ကုန်တိုင်း ရွှေခြံသေ့သမဝါယမ အသင်းလီမိတက်က စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဈေးရောင်းပွဲတော်၌ ScorpionC Plus,Lemon Tea Plus 2 inl အားဖြည့်အချိုရည်များကိုရောင်းချပေးသွားမည်ဖြစ်ပြီး ကျော်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးကတွဲဖက်ပံ့ပိုးကူညီကာ ပါဝင်ပြသ ရောင်းချလိုသူများသည် ရန်ကုန်တိုင်း ရွှေခြံသေ့သမဝါယမ အသင်းလီမိတက် အဆောင်(၂)မဟာ ကျော်ကုန်တိုက် သိမ်ကြီးဈေး (စီ)ရုံ ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့၊ ဖုန်း-၃၇၁၈၀၀၊ လိုင်းခွဲ-၃၉၄၊ ၃၀၈၊ ၂၄၀၆၀၀၊ လိုင်းခွဲ-၄၃၂နှင့် ရုံးချိန်ပြင်ပမည် ၆၃၅၂၆၄တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

ဘဝသင်ခန်းစာများ စာအုပ်ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၉

တက္ကသိုလ် - ဝိဝေက(ဘုတလင်) ကယင်းစာအုပ်တွင် ဘဝ အသိတရားများကို အခြေခံပြီး နောင်တစ်ခေတ်တွင် အမျိုးဘာသာ၊ သာသနာနှင့် တိုင်းပြည်နိုင်ငံကို ဦးဆောင်လာမည့် ယနေ့ လူငယ်လူရွယ်များအတွက် အနစ်နာခံစိတ်၊ လိမ္မာယဉ်ကျေးစိတ်ဓာတ်၊ အကျင့်စာရိတ္တကောင်းမွန်သည့် စိတ်ဓာတ်၊ ရိုးသားဖြောင့်မတ်သည့် စိတ်ဓာတ်များနှင့် သားကောင်းသမီးကောင်း၊ (သားလိမ္မာ၊ သမီးလိမ္မာ) ဖြစ်လာကြရန် ရည်ရွယ်၍ ရွှေရတု အထိမ်းအမှတ် အထူးထုတ်အဖြစ် ပွင့်ဦးစာပေ၊ ဖုန်း-၆၅၁၂၈၁ ရန်ကုန်မှ ထုတ်ဝေ၍ ဆက်သွယ်မှာယူနိုင်ကြောင်းသိရသည်။

(ဝဲပုံ) (က-ပ)

ကိုယ်ပိုင်ပြော အင်္ဂလိပ်စကား စာအုပ်ထုတ်ဝေ

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၂) သစ္စာရိပ်သာလမ်း 'ဆု'



အင်္ဂလိပ် စကားပြော၊ သဒ္ဒါသင်တန်းမှ ဖြန့်ချိသည့် သညာသိဖြင့် မဟုတ်ဘဲ ပညာဖြင့် ပြောနိုင်စေမည့် ကိုယ်ပိုင်ပြော အင်္ဂလိပ်စကား စာအုပ်မျက်နှာဖုံးပုံ။

(အပေါ်ပုံ) (က-ပ)

သီချင်းဆိုချင်သူများအတွက် ရွှေအခွင့်အရေး

အောက်တိုဘာ (၂) ရက်နေ့တွင် "KISS Music Video" မှ ဖြန့်ချိမည့် ... ကျပ် (၃)သိန်း။ ဒုတိယဆု ကျပ်(၂)သိန်း။ တတိယဆု ကျပ်(၁)သိန်း ...

KISS Music Video

မှတ်ချက်။ ။ အသေးစိတ်သိရှိလိုပါက KISS Music Video ၁၉၈/၂၀၁ ဆူးလေဘုရားလမ်း ရန်ကုန်မြို့။

Tel : 01-253313.370331 သို့ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

အားလုံးအတွက် ... INTERNET

မြန်မာတွေ ကမ္ဘာနဲ့ရင်ပေါင်တန်းလို့ လိုချင်သမျှ သတင်းအချက်အလက်များကိုရယူနိုင်ပါပြီ။ Information တွေကိုလိုနေသူတွေအားလုံးအတွက် Individual dial-up နဲ့ corporate dial-up internet account တွေကို နှစ်စဉ်ကြေး ကျပ် ၆၀,၀၀၀ (ခြောက်သောင်း) ပေးသွင်းလို့လျှော့ချထား ရယူနိုင်ပါပြီ။ BaganNet Subscriber မိတ်ဟောင်း/မိတ်သစ်အားလုံးအတွက် Unlimited Plan ကိုရွေးချယ်သုံးစွဲခြင်းဖြင့်တစ်နှစ်စာ ၁၀% Discount ကိုရရှိမှာဖြစ်ပါတယ်။ ဒီအခွင့်အရေး ပြတင်းပေါက်ကို အောက်တိုဘာလကုန်အထိသာ ဖွင့်ပေးထားမှာဖြစ်လို့ သင့်စိတ်ကြိုက် သတင်း Infromation သမုဒ္ဒရာInternet ကြီးထဲမှာလိုသလို ချိတ်ဆက်အသုံးပြုလို့ ခံစားကျေနပ်နိုင်ကြပါပြီ။

INTERNET

Sales Office & Service Centre

Yangon
No. 617, Pyay Road, Kamayut Tsp. (opp. Malar Hall), Yangon.
Tel: 01-515 250 email: sales@bagan.net.mm

Mandalay
Mandalay Swan Hotel Compound No.44(B), 26 st,
68st x 68st Chan Aye Thar Zan Tsp.
Tel: 02 -64001~5 email: sales-mdy@bagan.net.mm

Bagan Cybertech

'အရွယ်ရောက်သူတိုင်းယာဉ်မောင်းတတ်ရမည်'

Must, All Adults, Be Able to Drive

(NEW ASIA)

(Normal Course) (Short Course)

အမည်ပြောင်းခြင်း

အုတ်ဖိုမြို့၊ချင်းစုရွာနေဦးကျော်စိုး-ဒေါ်ကြူကြူ၏သမီး တွဲဖက်အထက ကိုင်းကလေး အုတ်ဖိုမြို့ ဒသမတန်းမှ မစုစုမွန်[၇/အဖန(နိုင်)၀၈၀၄၂၇]အား မစုမွန်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

Ruby Car Rental
☎ 725317, 650823
Saloon Van, Hilux, Pathfinder

ကွန်မြူတာပညာရှင်အဖြစ်မိမိဘဝကို အသက်မွေးဝမ်းကျောင်းပြုလိုသူများအတွက်

MCC Certifications

Track 1- Software Engineer
Track 2- Network Engineer
Track 3- Web Developer

JITEC/MCSA

iPOS

ကုန်ပစ္စည်းစာရင်းထိန်း ကွန်ပျူတာစနစ်

Point of Sale Software

- ကုန်ပစ္စည်းစာရင်း
- အကြွေးစာရင်း
- အသုံးစရိတ်
- အားလုံးကိုတစ်ခါထဲထိန်းနိုင်တယ်။

20% Discount
till Oct 25, 2003

Yangon - 42-D, New University Avenue Rd., Bahan. Ph: (01) 703625, 557638
Mandalay - No. 150(A), 1st Floor, 27th Street (Bet. 80th & 81st St.)

မွေးနေ့ဆုတောင်း

၃၀-၉-၂၀၀၃ရက်နေ့တွင် ကျရောက်သော **ကိုမိုးမင်းဟိန်း** (Second Year Geology)၏ မွေးနေ့မှသည် ပျော်ရွှင်မှုများကို ရာသက်ပန် ပိုင်ဆိုင်ပါစေ – – –။

Honney (°2nd Geol;)။

မွေးနေ့ဆုမွန်

ချစ်သားကြီး **အောင်ကိုမင်း(ခ)စိုပြေ** (V H အထက–၁၊ ဒဂုံ Primary IV A ILBC)၏ ၃၀-၉-၂၀၀၃နေ့တွင် ကျရောက်သော မွေးနေ့ရက်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကျန်းမာချမ်းသာစွာဖြင့် ထူးချွန်ထက်မြက် အောင်မြင်သည့် သားကောင်း ရတနာလေး ဖြစ်ပါစေ . . . ။

နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွားများနှင့်

ပါးပါး	**– ဦးကိုလေး**
မေမေ	**– ဒေါ်မေလွင်ညွန့် (ခ) မမူ**
ညီငယ်	**– အာကာဘုန်းမြတ် (ခ) ရှင်းသန့် (KG°-°E အထက–၁၊ ဒဂုံ၊ KG-A ILBC)**
ညီလေး	**– ခွန်းဆက်။**

တယ်လီဖုန်းနံပါတ် မှားယွင်းဖော်ပြမှုအတွက် မေတ္တာရပ်ခံခြင်း

ရန်ကုန်လမ်းညွှန် (၂၀၀၃) စာအုပ် ကြော်ငြာစာမျက်နှာ (13) နှင့်(432)တို့တွင်ဖော်ပြထားသော ကျွန်တော်တို့လုပ်ငန်း၏ ကြော်ငြာတွင် ဖုန်းနံပါတ် (၂၂၇၉၇၉)ဟု မှားယွင်းဖော်ပြမိပါသဖြင့် ဖုန်း (၃၇၇၉၇၉)ကိုသာ ဆက်သွယ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

TUN ELECTRONIC
(မောင်မောင်ထွန်းအီလက်ထရောနစ်)

ကျောင်းရေစက်ချပွဲဖိတ်ကြားလွှာ

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ သိမ်တောင်ပရိယတ္တိစာသင်တိုက်အတွင်း၌ အများစုပေါင်း၍ ဆောက်လုပ်လှူဒါန်းအပ်သော အဘိဓမ္မာ(စာချ)သုံးထပ်ကျောင်းဆောင်တော်ကြီး ရေစက်ချလှူဒါန်းပွဲနှင့် သိက္ခာထပ်လှူပူဇော်ပွဲကို သိမ်တောင်ဆရာတော်၏ သက်တော် (၈၉)နှစ်ပြည့် မွေးနေ့ဖြစ်သည့် ၁၃၆၅ခု သီတင်းကျွတ်လဆန်း ၁၁ရက်၊ ၆-၁၀-၂၀၀၃ (တနင်္လာနေ့) နံနက် ၉နာရီ အချိန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေး၊ ရပ်နီးမှ ကျောင်းဒါယကာ၊ ဒါယိကာမများအားလုံး ကြွရောက်ပါရန် ဖိတ်ကြားပါသည်။

ကျောင်းဆောင်ဖြစ်မြောက်ရေးကော်မတီနှင့်ဂေါပကအဖွဲ့
သိမ်တော်ပရိယတ္တိစာသင်တိုက်၊ တောင်ကြီးမြို့၊ ဖုန်း–၀၈၁/၂၁၇၈၃။

OD Tour အဆင့်မြင့် ဘုရားဖူးနှင့် အပန်းဖြေခရီးစဉ်

၁။ပုဂံ၊ ကျောင်းတော်ရာ၊ ပုပ္ပား	Oct 9
၂။တောင်ကြီး၊ အင်းလေး(ဖောင်တော်ဦးဘုရားပွဲ)	Oct 9,11
၃။ချောင်းသာ အပန်းဖြေနှင့် ပုသိမ်ဘုရားစုံ	Oct 10
၄။ရွှေလီ၊ မူဆယ်နှင့် လမ်းဘုရားစုံ	Oct 8,9,18
၅။မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ	Oct 15

Japan Style

အကောင်းဆုံးဝန်ဆောင်မှုများနှင့်အတူ သင်စိတ်ကျေနပ်စေရမည်။

No.52 (ပထပ်)၊ ကျွန်းတောလမ်း၊ စမ်းချောင်း၊

☎ 504808, 537672, 524047

နိုင်ငံခြားပြန် ဆရာကြီး ဦးမင်းဆွေအောင်

Ph:723102/ 4463589

“ယုဇနဝါကျွတ်ပွဲတော်အထူးဈေးရောင်းပွဲ”

5% to 70% OFF (၂၇.၉.၂၀၀၃ – ၁၂.၁၀.၂၀၀၃)

MOTHER LAND ပလာစတာကောနစ်အရောင်းဆိုင်မှ

သီတင်းကျွတ်အကြို အထူးလျှော့ဈေးနှုန်း (Discount) 15% မှ 50% ထိ ကောနစ်ချောင်း၊ ကောနစ်ကော်နာ၊ ဘီတင်ချောင်း၊ ဘီတင်ကော်နာ၊ ပန်းပိုင်း၊ တိုင်လုံး၊ ကော်မှုန့်၊ ကော်ရည်၊ ချည်မျှင် (Fiber Glass)၊ Asia မှုန့်များကို လိုသလောက်ရောင်းချပေးနေပါသည်။

ဆက်သွယ်ရန် ☞ MOTHER LAND အိမ်ဆောက်ပစ္စည်းအမျိုးမျိုးအရောင်းဆိုင်
No.(453) သိမ်ဖြူလမ်း၊ ကန်တော်ကလေး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Ph. 245029, 248912, 376342,
Fax- 01-204058

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
ရန်ကုန်တိုင်းတရားရုံး နယ်တရားမရုံး၌
၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ်–၅၅၅

ဦးကျင်ပိန်(ခ)လီယောင်စိုင် တရားလို နှင့် ဦးမောင်မောင်ကြည်ပါ–၁၄ တရားခံ

လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ် ၁၁၁(ပ)ထပ်ရပ်နေ ဒေါ်ခင်ဝေ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

